ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-9-2006) (၅၀၈၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် လူစီးတွဲများပေးအပ်

မြန်မာနိုင်ငံ ခေတ်ဟောင်းသုံး ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်

ချစ်ကြည်ရေးလက်ဆောင် လူစီးတွဲများ ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော လူစီးတွဲများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင် လူစီးတွဲများ ပေးအပ်ခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရန်ကုန်ဘူတာကြီး၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ပေးအပ်သော ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများအား တွေ့ရစဉ်။

(သတင်းစဉ်)

ဆောင်းပါးအညွှန်း

▶ တစ်နှစ်အတွင်း ခြင်မတစ်ကောင်မှ ခြင်ကောင်ရေ ၁၅၉၈၅၇၀၀၀၀၀၀ ပေါက်ပွားနိုင်သည်။ အေးဒီးစ် ခြင်ပုန်းခြင်ကျား အမကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ အနိုဖလီ ခြင်မကြောင့် ငှက်ဖျား၊ အသားဝါ၊ ဘေလုံးကြီးရောဂါများ၊ ကျူးလက် ခြင်မကြောင့် ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါများ ဖြစ်ပွားနိုင်သည်။ ခြင်အန္တရာယ်ကိုလည်း လျှော့တွက်၍ မရနိုင်သောကြောင့် မလွဲမသွေ နှိမ်နင်းရမည် ဖြစ်ပါသည်။

သန့်စင်လတ်(ပညာရေး)၏ **"ကျန်းမာဝန်းကျင် ကျောင်းတစ်ခွင် ခြင်၊ အမှိုက်ရှင်း၊ ဆေးလိပ်ကင်း"**

(ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၉-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

မြန်မာနိုင်ငံကို အနိုင်ကျင့်ဖိနှိပ်ရန် လုပ်ဆောင်မှုကိုကန့်ကွက် နိုင်ငံတော်နှင့် ပြည်သူတို့၏စွမ်းအားဖြင့် တိုက်ဖျက်ချေမှုန်း

ယနေ့ကာလတွင် မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ရန် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းမှုဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ လိုအပ်သော အခြေခံကောင်းများ ခိုင်ခိုင်မာမာ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ယင်းသို့သော အချိန်အခါတွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဒီမိုကရေစီစနစ် ဖော်ဆောင်မှုများကို ပျက်ပြားစေရန် နည်းလမ်းအသွယ်သွယ်ဖြင့် လုပ်ဆောင်လာလျက်ရှိကြောင်း တွေ့ရသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်း ကိုယ်စားလှယ်က မြန်မာနိုင်ငံကို မကောင်းမြင်သည့် နိုင်ငံအချို့နှင့် ပြည်ပြေးများ၊ အကြမ်းဖက်အဖျက်သမားများ၊ ပုဆိန်ရိုးများထံမှရရှိသည့် မမှန်ကန်သည့် အချက်အလက်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး အခြေအနေများသည် ဒေသတွင်းမတည်ငြိမ်မှုကို ဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရေးအတွက် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌထံသို့ စာရေးသား တောင်းဆိုလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိဘဲ ပြည်တွင်းရေး သက်သက်သာဖြစ်သဖြင့် ယခုကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာ ရောက်ပေသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ခဲ့ကြသည်။

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံ အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများကလည်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေမှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအား ယခုကဲ့သို့ လုံခြုံရေးကောင်စီက အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့် ဆန့်ကျင်သည်ဟူ၍ ရပ်တည်ခဲ့ပေသည်။

မြန်မာ့ပြည်တွင်းရေးရာ ဖြစ်ပေါ်မှုများသည် လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စမဟုတ်ဘဲ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီစနစ် ဖော်ဆောင်နေမှုများကို ပျက်စီးစေရန် အနိုင်ကျင့်ဖိနှိပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ဝင်ရောက်စွက်ဖက်သည့် လုပ်ရပ်များသာ ဖြစ်သည်။

မည်သို့ပင် ပြည်ပနိုင်ငံအချို့၏ ဖိအားပေးအကျပ်ကိုင်လာမှုကို အခွင့်ကောင်းယူပြီး အဖျက်သမားများက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက်နည်းလမ်းများဖြင့် ရယူရန် လုပ်ဆောင်လာမည့် မည်သည့်လုပ်ရပ်မျိုးကိုဖြစ်စေ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ ထာဝစဉ်ညီညွတ်သောစွမ်းအားဖြင့် တိုက်ဖျက်ချေမှုန်းသွားနိုင်မည် ဖြစ်ပါသည်။ ။

မန္တလေးတိုင်း မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီလမ်းနေ ဒေါ်အေးအေးသန်း၊ သား ဖြိုးနေမင်း၊ စည်သူဝင်း၊ မင်းစစ်နိုင်မိသားစုက ငွေကျပ် ၂၀၀၀၀၀ နှင့် ကျောက်ဆည်မြို့ ဦးခင်မောင်သန်း–ဒေါ်ခင်ထွေးရီနှင့် တူ၊ တူမများက ငွေကျပ် ၂၀၀၀၀၊ စိမ်းလဲ့ရိပ်သာနေ ဒေါ်စန်းညွန့် မိသားစုက ကျပ် ၁၀၀၀၀ စုစုပေါင်းအလှူငွေ ကျပ် ၂၃၀၀၀၀ ကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

ကချင်ပြည်နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် စုပေါင်းသီဆို ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးစန်းအောင်က ကချင်ပြည်နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတကာစာတတ်မြောက်ရေးလှုပ်ရှားမှု ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တိုင်းမှူးနှင့်ဇနီး၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကချင်ပြည်နယ် စာတတ်မြောက်ရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှင်းလင်း

ထို့နောက် တိုင်းမှူးသည် အဆိုပါမြို့တော်ခန်းမဥ္စပင် ကျင်းပသည့် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ခေတ္တဦးစီးမှူး အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကိုက မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ငွေကျပ် ငါးသိန်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ငါးသိန်း၊ ဂျိတ်လင်းမြန်မာကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း၊ ဆီးဆင်းစတားကုမ္ပဏီမှ ငွေကျပ် ငါးသိန်း၊ ခင်ရတနာကုမ္ပဏီမှ ငွေကျပ် ငါးသိန်း၊ ရွှေပင်လယ်နတ်သမီး ကုမ္ပဏီမှ ငွေကျပ် သုံးသိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကိုက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် "အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ"ဟူသည့် ခေါင်းစဉ်ဖြင့် အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုဆိုင်ရာ စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီးပေး အပ်ချီးမြှင့်ကြသည်။ ယင်းနောက် အသက်(၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်အားဆေးပြားများ ဝေငှခြင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ကြပြီး အိုင်အိုဒင်းဆားပါဝင်မှု အရည်အသွေး စစ်ဆေးကာ ခင်းကျင်းပြသထားသည့် အာဟာရအုပ်စုဝင် အစားအစာပြခန်းကို လှည့်လှည်ကြည့်ရှု အားပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

၂၀၀၆ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အခမ်းအနားကို စက်တင်ဘာ ၈ ရက်က မရမ်းကုန်းမြို့နယ် အထက(၁)စန္ဒိမာခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမာက ပထမဆုရ အလက(၅)မှ မခင်မျိုးသူအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မဟာဆိုရှယ်လမ်းနေ ဦးအောင်ဒင်–ဒေါ်တိုးတိုး မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၉–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၃၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ"(အပိုင်း–၅၇)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	**သံဃာ့ဂုဏ်ရည်မြတ်လယ်တီ – ရေးဖွဲ့သီရာစာကဗျာလင်္ကာ (အပိုင်း–၁)**
	၁၉။	ENGLISH USAGE
	၂၀။	ဗီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း–၇)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ကျန်းမာဝန်းကျင် ကျောင်းတစ်ခွင် ခြင်၊ အမှိုက်ရှင်း၊ ဆေးလိပ်ကင်း

သန့်စင်လတ် (ပညာရေး)

"ဘာတွေကိုဖုံးမယ် ...သုံးရေသောက်ရေဖုံးမယ် ..."
"ဘာတွေကိုသွန်မယ် ...ရေဟောင်းတွေကိုသွန်မယ် ..."
"ဘာတွေကိုခပ်မယ် ...ပိုးလောက်လမ်းတွေခပ်မယ် ..."
"ဘာတွေကိုစစ်မယ် ...သုံးရေသောက်ရေစစ်မယ် ..."
"ဖုံး၊ သွန်၊ ခပ်၊ စစ် ...ခြင်နှိမ်နင်းရေးစနစ် ..."

လွန်ခဲ့သော ကျောင်းကျန်းမာရေးသီတင်းပတ် ကျောင်းဟောပြောပွဲတစ်ခုတွင် စာရေးသူနှင့်ကလေးများ ခြင်နှိမ်နင်းရေးကဗျာလေးတစ်ပုဒ်ကို စုပေါင်းရွတ်ဆိုနေကြခြင်းဖြစ်ပါသည်။ သံချပ်ထိုးသကဲ့သို့ အမူအရာလုပ်ကာ၊ လက်ခုပ်တီးကာ ရွတ်ဆိုကြသည်ဖြစ်၍ သူတို့အားလုံး ရယ်မောပျော်ရွှင်ကြလေသည်။ ထိုကဗျာလေးကိုလည်း သူတို့တော်ရုံတန်ရုံနှင့် မေ့တော့မည်မထင်။

"မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်"ဆိုသော သီချင်းကလေးကိုမူ ကလေးများအားလုံး ရကြသည်။ သူတို့၏ တီတီတာတာ သီဆိုသံများမှာ ချစ်စရာကောင်းလှပါသည်။ "ဖေဖေလာရင် အုန်းသီးခွဲစားမယ်ဆိုတော့ သားတို့သမီးတို့က အုန်းသီးကြိုက်ကြလို့လား"ဟုမေးရာ "ကြိုက်ပါတယ်"ဟု သံပြိုင်ဖြေကြသည်။ "ကြိုက်တဲ့သူ လက်ညှိုးထောင်"ဟုပြောရာ အားလုံးလက်ညှိုးထောင်ကြသည်။

ဤသီချင်းကလေးဖြင့် အစပျိုးကာ "စင်စင်မဆေးလျှင် လက်မစင်၊ အစားအစာ မစင်ကြောင်း၊ မစင်ဘဲစားလျှင် မစင်စားသူများဖြစ်ကြောင်း၊" လက်သည်းကြားတွင် ချေးရှိလျက်နှင့် အစာစားသူကို "ကိုယ်ယိုတာကိုယ်စား"၊ ယင်နားစာ စားသူကို "သူယိုတာကိုယ်စား"ဟုနာမည်လှလှလေး ပေးလိုကြောင်း ဟာသနှော၍ပြောကာ အမှိုက်နှင့် ယင်အကြောင်း အမြင်ချင်းညှိကာ အသိချင်းဖလှယ်ကြပြန်သည်။

ဆက်လက်၍ မြန်မာစကားတွင် "မသိ–မသာ"ဟု ရှိကြောင်း၊ မသိသူတွေ၏ ဘဝသည် မသာယာနိုင်ကြောင်း၊ ဥပမာအားဖြင့် "သေရည်သေရက်"ဆိုသော ဝေါဟာရကို ရှင်းပြလိုကြောင်း၊ အသက်သေတတ်သော အရည်၊ ဘဝသေတတ်သောအရည်ဖြစ်၍ "သေရည်"ဟု ခေါ်ကြောင်း၊ "သေရည်သောက်လျှင် သေရက်ကို နီးသောကြောင့် သေရည်သေရက်ဟု ခေါ်ကြောင်း" အဓိပ္ပာယ်ဖွင့်ဆိုပြကာ အစပျိုး၍ နိုင်ငံ့ရင်သွေးများ မူးယစ်ဆေးဝါးရှောင်ကြဉ်ရေး အကြံပေးဆွေးနွေးခဲ့ပါသည်။ ဤသို့ဖြင့် ကလေးများနှင့်အတူ အယူအဆဖလှယ်သော ကျန်းမာရေး ဟောပြောပွဲလေးတစ်ခု အောင်မြင်ခဲ့ပါသည်။

စာရေးသူသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် လူမှုကရုဏာလုပ်ငန်းများဖြင့် ပျော်ပိုက်နေသော်လည်း ၂၅နှစ်တိုင် ကျင်လည်ခဲ့သည့် မူလတန်းပြဆရာ ဘဝကို မမေ့နိုင်ခဲ့ပါ။ ကျေးလက်တောရွာနှင့် မြို့ကြီးပြကြီး တာဝန်ကျရာနေရာတိုင်းတွင် ကျောင်းကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ အပြိုင်အဆိုင် ဆောင်ရွက်ခဲ့ကြသည်ကို ပြန်ပြောင်းတသ သတိရမိပါသည်။

နိုင်ငံတော်အလံနှင့် ဘက်စုံပညာ ဖွံ့ဖြိုးရေးရောင်စုံအလံများ တလူလူလွင့်နေသော ခံ့ညားသည့်ကျောင်းအဝင်မုခ်ဦးကြီး၊ "စိတ်ဓာတ်ခိုင်မာ၊ ပညာပြည့်ဝ၊ နှလုံးလှရေး ပျိုးထောင်ပေးအံ့"၊ "ဂရုတစိုက်၊ ရင်ခွင်ပိုက်ကာ၊ ပညာရေအေး နို့ချိုကျွေးအံ့"ဆိုသော နှစ်ဆောင်ပြိုင်ကျောင်းဆင်ဝင်ပေါ်မှ ပညာရေးဆောင်ပုဒ်ကြီးများ၊ "မိမိကျောင်း လှပရမည်၊ သန့်ရှင်းရမည်၊ စည်းကမ်းရှိရမည်"၊ "မိမိကျောင်း အရည်အသွေး မြင့်ရမည်၊ ပညာရည် ထူးချွန်ရမည်၊ "အမျိုးသား ကျန်းမာရေးအစ စာသင်ကျောင်းက"၊ "စည်းကမ်းစနစ်အစ စာသင်ခန်းက" ဆိုသော ပညာရေး ရည်မှန်းချက် ဆောင်ပုဒ်များ၊ ကျောင်းတွင်း အာဟာရဥယျာဉ်၊ တိုင်းရင်းဆေးစိုက်ခင်း၊ ဘက်စုံပညာ ဖွံ့ဖြိုးတိုးတက်မှု ပြခန်းများ၊ စံပြစာသင်ခန်းများ၊ Multi-Media စာသင်ခန်း၊ ပညာရတနာခန်းမကြီး၊ မြက်ခင်းများနှင့် ကလေးကစားကွင်းတို့သည် မမေ့နိုင်သော ပညာရေးဘဝ မြင်ကွင်းများ ဖြစ်ပါသည်။

ထို့အတူ "ဘက်စုံလည်းကျော် စာလည်းတော် ရွှင်ပျော်ဖို့ကောင်း ငါတို့ကျောင်း"၊ "မူးယစ်ဆေးဝါး မလိုလား ဟန့်တားရှုတ်ချဆန့်ကျင်ကြ"၊ "အားလုံးဆောင်ရွက် အားလုံးတွက် တွဲလက်စိတ်ဝမ်းညီစတမ်း"၊ "ထမင်းဘူးမှ တို့လွယ်ကူ၊ ညီတူဝေမျှစားသောက်ကြ"၊ "ဆိုးဆေး၊ ဆေးသကြား၊ ဓာတုဆေးဝါး၊ ရှောင်ရှား အာဟာရစားသုံးကြ"၊ "စင်ကြယ်သောလက် ဝမ်းမပျက်၊ လက်စင်စင်ဆေး ရောဂါဝေး"၊ "အမှိုက်မချ မကောက်ရ၊ အမှိုက်ပုံးမှာ စွန့်ပစ်ကြ"၊ "အိမ်သာသန့်မှ စိတ်ချမ်းမြ ပြုကြသန့်ရှင်း ရောဂါကင်း" ဆိုသော ဘက်စုံပညာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး ဆောင်ပုဒ်ကလေးများကိုလည်း သတိတရ ရှိလှပါသည်။

အနာဂတ် အညွန့်အဖူး၊ ပန်းထူးပန်းငုံလေးများ ဘဝလှပစိုပြည် လန်းဆန်းနေစေရန် ဟိုယခင် ဆယ်စုနှစ်များစွာကပင် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ တက်ညီလက်ညီ ထူးချွန်ထူးခြား ကြိုးစားခဲ့ကြပါသည်။ ယခုကာလတွင်လည်း တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ကာ ဘက်စုံပညာထူးချွန်ကျောင်းများ၊ "ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများ" ထွန်းကားလာချေပြီ။ ယင်းတို့သည် စာသင်သားကလေးများအတွက် အထူးလိုအပ်ချက်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ထောက်ခံအပ်ပါသည်။ နိုင်ငံလုံးအနှံ့ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ရေးအတွက်လည်း ပညာရေးမိသားစုတစ်ရပ်လုံးအား တိုက်တွန်းလိုပါသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅) ကျောင်းဝင်းအတွင်း၊ အပြင်တွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ ဤသို့ ခြင်ဆေးဖျန်းခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကလေးများအေးချမ်းပျော်ရွှင်အောင်မြင်တိုးတက်ရေးအတွက် "ရေသန့်၊ လေသန့်၊ လက်သန့်၊ အစာသန့်၊ အိမ်သာသန့်သော" ကျန်းမာသော ပတ်ဝန်းကျင်သည် အထူးလိုအပ်ချက်၊ အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်ကင်းစင်ရေးကို ဦးစားပေးလုပ်ငန်း အဖြစ် ဆောင်ရွက်ရပါမည်။သို့မှသာ ယင်ကောင်တို့ ပျော်စံရာ ပုပ်ပေ့ သိုးပေ့၊ အသေကောင်မျိုးစုံ၊ အမှိုက်ဆွေး၊ အစာဟောင်းတို့ ကင်းစင်နိုင်ပါမည်။

ကမ္ဘာပေါ်တွင် ယင်ကောင်အမျိုးအစားပေါင်း ၈၅၀၀၀ခန့် ရှိသည်။ ယင်မတစ်ကောင်သည် ၁၅ရက်မှ တစ်လအတွင်း အကောင်ပေါင်း ၅၅၉၈၇၂၀၀၀ ပေါက်ပွားနိုင်သည်။ ယင်တစ်ကောင်၏ မျက်လုံးတွင် ခြောက်မြောင့်မှန်ဘီလူးပေါင်း၄၀၀၀ခန့်ရှိ၍ တက်ကြွသည့်ဦးနှောက်ဆဲလ်တစ်သိန်းရှိသည်။ ထို့ကြောင့် အလွန်လျင်မြန်သည်။ မုန်ညင်းစေ့အရွယ် လူ့မစင်တစ်ဂရစ်တွင် ဗိုင်းရပ်စ်ပိုးပေါင်းတစ်သန်းနှင့် ကပ်ပါးပိုးထောင်ချီ၍ ရှိရာ အညစ်အကြေးများစွာ သယ်နိုင်စွမ်းရှိသည့် ယင်ကိုနှိမ်နင်းရေးအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်သရိုက်ကင်းစင်ရေးမှာ အထူးအရေးကြီးပါသည်။ သို့မှသာ ယင်ကြောင့်ဖြစ်ပေါ်ရသော အူရောင်ငန်းဖျား(တိုက်ဖွိုက်)၊ ဝမ်းကိုက်၊ အသည်းရောင်အသားဝါ၊ မျက်ခမ်းစပ်၊ ကာလဝမ်း၊ အဆုတ်နာ၊ ဝမ်းပျက်ဝမ်းလျှော၊ မျက်ခွံကြာဆူး၊ ဘာလီဘယ်လီ(Bali Belly)ရောဂါဘေး ကင်းဝေးကြမည်ဖြစ်ပါသည်။

တစ်ဖန် ခြင်မသည် ယင်မထက် မျိုးဆက်ပွား အားကောင်းသည်။ တစ်နှစ်အတွင်း ခြင်မတစ်ကောင်မှ ခြင်ကောင်ရေ ၁၅၉၈၅၇၀၀၀၀၀၀ ပေါက်ပွားနိုင်သည်။ အေးဒီးစ်ခြင်ပုန်း ခြင်ကျားအမကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ အနိုဖလိခြင်မကြောင့် ငှက်ဖျား၊ အသားဝါ၊ ဘေလုံးကြီးရောဂါများ၊ ကျူးလက်ခြင်မကြောင့်ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါများ ဖြစ်ပွားနိုင်သည်။ ခြင်အန္တရာယ်ကို လည်း လျှော့တွက်၍ မရနိုင်သောကြောင့် မလွဲမသွေ နှိမ်နင်းရမည် ဖြစ်ပါသည်။

လူငယ်သည် အတုမြင် အတတ်သင် တတ်သူများဖြစ်ပေရာ အရာရာကို စူးစမ်းလိုစိတ်ဖြင့် လက်တည့်စမ်းတတ်ကြသည်။ သူတို့ လက်တည့်မစမ်းမိ လက်ဦးမှုကိုရယူကာ "ဆေးကိုလိပ်ထားသော ဆေးလိပ်"မဟုတ်ဘဲ အဆိပ်ကိုလိပ်ထားသော"ဆိပ်လိပ်"သာဖြစ်ကြောင်း၊ ဆေးလိပ်ငွေ့ တစ်ဖွာတွင် အန္တရာယ်ဖြစ်စေသည့် နီကိုတင်းအဆိပ်အပါအဝင် ဓာတ်ဆိုးပေါင်း၄၀၀၀ပါဝင်ကြောင်း၊ လူသားရှိ သွေးကြောမိုင်ပေါင်း ၇၅၀၀၀မှာ စီးကရက်တစ်လိပ်ကုန်အောင် သောက်တိုင်း တစ်ရာ့ငါးမိနစ်မျှ သွေးကြောများကျဉ်းသွားကြောင်း၊ တစ်နေကုန်သောက်က တစ်နေကုန် သွေးကြောများကျဉ်းသွားကြောင်း၊ ဆေးလိပ်ကြောင့် သွေးကြောကျဉ်း၊ ကင်ဆာ၊ အဆုတ်ပွ၊ နှလုံး၊ လေဖြတ်၊ သွေးတိုး၊ သားလျှော အပါအဝင် ရောဂါ၂၅မျိုးဖြစ်နိုင်ကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် မိမိကိုယ်ကို တဖြည်းဖြည်းအဆုံးစီရင်ခြင်းဖြစ်ကြောင်း ကြိုတင်ဆွေးနွေး ပညာပေးသင့်ပါသည်။

အထက်ပါအချက်အလက်များကို ဖတ်ရှုလေ့လာခြင်းဖြင့် အမှိုက်၊ ခြင်နှင့် ဆေးလိပ်ကင်းစင်သော ကျောင်းများထူထောင်ခြင်း၏ တန်ဖိုးကိုလည်းကောင်း၊ နိုင်ငံ့သားကောင်း လူငယ်လူရွယ်အပေါင်းတို့အတွက် အနာဂတ်ရေးကြိုတင်ပြင်ဆင်မှု အမျိုးသားရေး လုပ်ငန်း၏ လေးနက်မှုကိုလည်းကောင်း မြော်တွေးတွက်ဆဆောင်ရွက်နေကြခြင်းကို ဂုဏ်ပြုချီးကျူးရေးသားတင်ပြလိုက်ရပါသည်။ ။

အနာဂတ် အညွန့်အဖူး၊ ပန်းထူးပန်းငုံလေးများ ဘဝလှပစိုပြည် လန်းဆန်းနေစေရန် ဟိုယခင် ဆယ်စုနှစ်များစွာကပင် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ တက်ညီလက်ညီ ထူးချွန်ထူးခြား ကြိုးစားခဲ့ကြ။ ယခုကာလတွင်လည်း တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ကာ ဘက်စုံပညာထူးချွန်ကျောင်းများ၊ "ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများ" ထွန်းကားလာချေပြီ။ ယင်းတို့သည် စာသင်သားကလေးများအတွက် အထူးလိုအပ်ချက်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ထောက်ခံ။ နိုင်ငံလုံး အနှံ့ပြန့်ပွား ထွန်းကားအောင် ဆောင်ရွက်ရေးအတွက်လည်း ပညာရေးမိသားစု တစ်ရပ်လုံးအား တိုက်တွန်းလို။

ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများ ကမ္ဘာ့စီးပွားရေး အလားအလာကို သုံးသပ်ဆွေးနွေး

စင်ကာပူ စက်တင်ဘာ ၁၈

ကမ္ဘာ့စီးပွားရေးအလားအလာကို သုံးသပ်ဆွေးနွေးရန်နှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး ဆက်လက်တိုးတက်အောင် ပြုလုပ်နိုင်မည့် နည်းလမ်းများရှာဖွေနိုင်ရန် စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံ အုပ်စု(ဂျီ-၇) ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် စင်ကာပူ၌ စနေနေ့က ဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးတိုးတက်မည့် အလားအလာရှိနေသော်လည်း စီးပွားရေးထိခိုက်စေနိုင်သော အန္တရာယ်များကိုလည်း တွေ့မြင်ရကြောင်း၊ စွမ်းအင်ဈေးကွက် မတည်မငြိမ်ဖြစ်နိုင်သည့် အခြေအနေများဖြစ်ပေါ်လာနိုင်ကြောင်း၊ ၎င်းအပြင် ငွေကြေးဖောင်းပွမှုနှင့်ကိုယ်ကျိုးစီးပွားကာကွယ်သည့် လုပ်ရပ်များကြောင့် စီးပွားရေးတိုးတက်မှု အနေအထားကို ဟန့်တားပိတ်ပင်နိုင်ကြောင်း ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ အစည်းအဝေးအပြီး ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးလုပ်ငန်းများကို ပိုမိုချဲ့ထွင်လာနေချိန်တွင် ရေနံဝယ်အားမြင့်တက်လာပြီး စွမ်းအင်ဈေးကွက်၌ ဈေးနှုန်းမတည်ငြိမ်မှုကို ဖြစ်စေကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်မှုရှိစေရေးအတွက် ဈေးကွက်ဖွင့်ပေးရန် လိုအပ်ပုံကို မိမိတို့နိုင်ငံများက အလေးအနက်ထားကြောင်း အဆိုပါ ကြေညာချက်တွင်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနိုင်ငံ၌ ဂျီ-၇အုပ်စုဝင် ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ် အဆောက်အအုံအနီး လုံခြုံရေး ဆောင်ရွက်နေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပီရူး-တရုတ်စီးပွားရေးလုပ်ငန်းရှင်များကော်မတီတည်ထောင်

လီမာ စက်တင်ဘာ ၁၇

ပီရူးနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးမြှင့်တင်ရန် ပီရူး-တရုတ် စီးပွားရေး လုပ်ငန်းရှင်များကော်မတီကို သောကြာနေ့တွင် တည်ထောင်လိုက်ကြောင်းဆင်ဟွာသတင်းဌာနကသတင်းထုတ်ပြန်သည်။

အဆိုပါ ကော်မတီ တည်ထောင်ခြင်းသည် မိမိတို့၏ စီးပွားရေးနှင့် ကုန်သွယ်ရေး အပြန်အလှန် ဆက်ဆံမှုတွင် သမိုင်းမှတ်တိုင်သစ် တစ်ရပ်ကို ဖော်ဆောင်ပေးမည် ဖြစ်ကြောင်း၊ ပီရူးနိုင်ငံသည် တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပီရူးနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး ယင်ဟင်မင်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် ဝန်ဆောင်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့အတွက် သင့်လျော်သော အခြေအနေများ ဖန်တီးပေးရန် စုပေါင်းအားထုတ်မှုများ ဆောင်ရွက်လျက် ရှိကြောင်း တရုတ်နိုင်ငံတကာ ကုန်သွယ်မှု မြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဖန်ဝေက ကော်မတီတည်ထောင်မှု အခမ်းအနားတွင် ပြောကြားသည်။

နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏမှာ မြင့်တက်လာမည်ဟု ယုံကြည်ကြောင်း ပီရူးနိုင်ငံ၏ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ အမှုဆောင်ညွှန်ကြားရေးမှူး ရီနီကော်နီဂျိုက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ရှေးဟောင်း ပင်ယောင်းမြို့တွင်းတစ်နေရာကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အေပက်အစည်းအဝေး ကျင်းပပြီးစီး

ဟနွိုင်း စက်တင်ဘာ ၁၈

ဗီယက်နမ်နိုင်ငံ မြို့တော် ဟနွိုင်းတွင် ကျင်းပခဲ့သော အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသည် တနင်္ဂနွေနေ့က ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးတွင် လာမည့်နိုဝင်ဘာလ၌ ကျင်းပမည့်အေပက်ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ထိပ်သီးဆွေးနွေးပွဲတို့၌ အတည်ပြုမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

အေပက်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးကိစ္စကိုလည်း အလေးအနက်ဆွေးနွေးကြကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲများကို စောနိုင်သမျှအစောဆုံး ပြန်လည်ကျင်းပရန် လိုအပ်ပုံကို အဆိုပါ အစည်းအဝေးတွင် တစ်ခဲနက်သဘောတူညီကြကြောင်း သတင်းကြေညာချက်၌ ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်တွင် မိုင်းဗုံးပေါက်ကွဲ သုံးဦးသေဆုံး

ကဘူး စက်တင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး တောင်ပိုင်းနှင့် ဆက်သွယ်ထားသော မော်တော်ကားလမ်း တစ်နေရာတွင် စနေနေ့က မော်တော်ယာဉ် တစ်စီး မြေမြှုပ်မိုင်း နင်းမိသဖြင့် ပေါက်ကွဲမှု ဖြစ်ပွားရာ အကူအညီပေးရေးအဖွဲ့ အစည်းမှ အာဖဂန်လူမျိုး အလုပ်သမား သုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ယခုနှစ်အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ တိုးတက် ဖြစ်ပေါ်လျက်ရှိသည်။ မြို့တော်ကဘူး နှင့် နိုင်ငံအနောက်ပိုင်း ဒေသတို့ကို တည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသ များအဖြစ် မှတ်ယူခဲ့ကြသည့်တိုင်အောင် ယင်းဒေသများမှာပင် အကြမ်းဖက်မှု ဖြစ်စဉ်များ ပေါ်ပေါက်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်၌ ရှန်ရှန်တိုက်ဖုန်းမုန်တိုင်း တိုက်ခတ်

တိုကျို စက်တင်ဘာ ၁၈

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းကျူရှူးကျွန်း၌တနင်္ဂနွေနေ့တွင်အင်အားပြင်းသည့် တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူ ၁၀၀ ကျော်ရှိကြောင်း၊ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုတို့ ဖြစ်ပွားပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်း တုံ့ဆိုင်းရပ်တန့်သွားကြောင်း ရိုက်တာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရှန်ရှန်တိုက်ဖုန်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်မှုကြောင့်မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ကြေညာသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျူရှူးကျွန်း နိုဘီယိုကာမြို့၌ သုံးဦးသေဆုံးကြောင်း၊ ဆာဂါပြည်နယ်၌ သုံးဦးသေဆုံးကြောင်း၊ ဟီရိုရှီးမားမြို့၌ တစ်ဦးသေဆုံးကြောင်း အင်အိပ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တွင် တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးနေသည်ကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်၌ တိုက်ခိုက်မှုဖြစ် သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် တနင်္ဂနွေနေ့က တိုက်ခိုက်မှုနှစ်ရပ် ဖြစ်ပွားခဲ့သဖြင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်တွင် ကင်းလှည့်နေသည့် အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များအနီးတွင် လမ်းဘေးဗုံး ပေါက်ကွဲခဲ့ရာတွင် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသည်။ သီးခြားတိုက်ခိုက်မှု တစ်ရပ်အတွင်း ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အရပ်သားတစ်ဦး ဒဏ်ရာ ရရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အန်ကောဝပ်ဘုရားကျောင်းဝင်းအတွင်း အိမ်မွေးတိရစ္ဆာန်များ ခေါ်ဆောင်ခွင့်မပြု

ဖနောင်ပင် စက်တင်ဘာ ၁၈

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်းအတွင်းနှင့် ကျောင်းဝိုင်းအတွင်း အိမ်မွေးတိရစ္ဆာန်များကို ခေါ်လာကာလှည့်လည်ကြည့်ရှုခြင်းကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ထိုသို့ပြုမှုသည်ကိုတွေ့ရပါက ဒဏ်တပ်ခံရမည့်အပြင် တိရစ္ဆာန်လည်း အသိမ်းခံရမည်ဖြစ်ကြောင်း အာဏာပိုင်များက ကြေညာထားသည်ဟု စက်တင်ဘာ ၁၈ရက်ထုတ် ကမ္ဘောဒီးယားနေ့စဉ်သတင်းစာတွင် ဖော်ပြပါရှိသည်။

ကမ္ဘောဒီးယားအစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အမ်ဆာရာအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ချလိုက်ခြင်းဖြစ်သည်။ အမ်ဆာရာအဖွဲ့သည် ကမ္ဘောဒီးယားအန်ကောဝပ်ဘုရားကျောင်းနှင့် ဝန်းကျင်သာယာရေးနှင့် ကမ္ဘာလှည့်ခရီးသည်များလာရောက်ရေးကိစ္စများကို တာဝန်ယူကြီးကြပ်ရသောအဖွဲ့ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ခဲ့သည်ဆိုသောသတင်းကို ဆီအမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး ဆိုဖီရင်ကို ကိုးကား၍ သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် အချက်အလက်များကို ဒေသအတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းများကို ဖြန့်ဝေအသိပေးထားပြီးဖြစ်သည်။ ဒေသတွင်းရှိ ရဲတပ်ဖွဲ့ကလည်း ထိုဆုံးဖြတ်ချက်အတိုင်း စနေနေ့ကတည်းကစ၍ ကြီးကြပ်အကောင် အထည်ဖော်နေပြီဖြစ်ကြောင်းသိရသည်။ အန်ကောဝပ်ဘုရားကျောင်းသည် ယခုအခါ ကုလသမဂ္ဂယူနီဆက်အဖွဲ့၏ ကမ္ဘာ့ရှေးဟောင်းပစ္စည်းမှတ်တမ်းဝင် အဆောက်အအုံ ဖြစ်နေပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သိမ်းပိုက်ထားသော လက်ဘနွန်နယ်မြေ ရာခိုင်နှုန်း ၈၀ ကျော် အစ္စရေးက ကုလသမဂ္ဂတပ်ဖွဲ့သို့ လွှဲအပ်ပေးပြီးဖြစ်

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့မှ သံချပ်ကာယာဉ်များကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျေရုဆလင် စက်တင်ဘာ ၁၈

အစ္စရေး-ဟစ်ဇ်ဘိုလာစစ်ပွဲအတွင်း အစ္စရေးတပ်ဖွဲ့များက သိမ်းပိုက်ထားသော လက်ဘနွန်နိုင်ငံ၏ နယ်မြေ ရာခိုင်နှုန်း ၈၀ ကျော်ကို ယခုအခါ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များလက်သို့ ပြန်လည်လွှဲအပ်ပေးခဲ့ပြီးဖြစ်သည်ဟု အစ္စရေးစစ်ဘက် သတင်းရပ်ကွက်က စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

နှစ်သစ်ကူး

အစ္စရေးတို့၏ ရဟူဒီ နှစ်သစ်ကူး ကာလသည် စက်တင်ဘာ ၂၄ ရက်တွင် ကျရောက်မည်ဖြစ်သည်။ ထိုနှစ်သစ်ကူး နေ့အရောက်၌ အစ္စရေးတို့ သိမ်းပိုက်ထားသော လက်ဘနွန်နယ်မြေများမှ ပြန်လည်ထွက်ခွာပြီး ဖြစ်မည်ဟု ယူဆကြောင်း မီဒီယာများက ဖော်ပြကြသည်။

အစ္စရေးတပ်ဖွဲ့များ အပြီးထွက်ခွာရေး၊ မထွက်ခွာရေးသည် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များ မည်မျှဖြန့်ကြက်ချထားနိုင်သည်ဟူသော အချက်ပေါ်တွင်သာ မူတည်သည်ဟု အစ္စရေးစစ်ဘက်မှလာသော သတင်းက ဖော်ပြသည်။

ကလေးအများစု

ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့ အကြား ဖြစ်ပေါ်သော တိုက်ခိုက်မှုများ အတွင်း ကလေးအများစု အပါအဝင် လက်ဘနွန်ပြည်သူ ၁၂၀၀ နီးပါး သေဆုံးပြီး အစ္စရေးစစ်သား အများစု ပါဝင်သော အစ္စရေးလူမျိုး ၁၅၇ ဦး သေဆုံးသွားကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘာတစ်ဝန်း တရားမဝင် သစ်ထုတ်လုပ်မှုကြောင့် ဆုံးရှုံးနစ်နာရမှုများ အစီရင်ခံစာတွင် သတိပေးထား

စင်ကာပူ စက်တင်ဘာ ၁၈

ကမ္ဘာတစ်ဝန်းတွင် တရားမဝင် သစ်ထုတ်လုပ်မှုသည် ကမ္ဘာ့ဆင်းရဲသား သန်းပေါင်းများစွာ၏ လူနေမှုဘဝ ထိခိုက်စေရန် ခြိမ်းခြောက်နေသည့်အပြင် အစိုးရအဖွဲ့များ၏ အခွန်ဘဏ္ဍာဝင်ငွေ ဘီလီယံပေါင်းများစွာ ဆုံးရှုံးမှုကိုလည်း ဖြစ်ပေါ်စေကြောင်း၊ ဥပဒေမဲ့ သစ်ခုတ်မှုများကြောင့် တရားဝင်လုပ်ကိုင်နေသည့် သစ်တော အခြေခံစီးပွားရေးလုပ်ငန်းများမှာလည်း နစ်နာနေရကြောင်း ကမ္ဘာ့ဘဏ်က ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

အခွန်ဆုံးရှုံး

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်သူပိုင် သစ်တောနယ်မြေများအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့် အစိုးအဖွဲ့များ၏ အခွန်ဘဏ္ဍာငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ ဆုံးရှုံးနေရကြောင်း စင်ကာပူတွင် ကျင်းပသည့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် ပူးတွဲအစည်းအဝေး ကျင်းပစဉ်ကာလ အတွင်း ထုတ်ပြန်သော အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

တရားဥပဒေမဲ့ သစ်ခုတ်မှုများကြောင့် အခွန်ရှောင်မှုနှင့် ခိုင်ကြေးမပေးဆောင်မှုများ ဖြစ်ပေါ်ရပြီး ယင်းသို့ ဆုံးရှုံးရမှုမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးရှိကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရာမာဒီမြို့တွင် ဗုံးဖောက်ခွဲမှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

ဗုံးဖောက်ခွဲသူတစ်ဦးက ပေါက်ကွဲစရာပစ္စည်းများ အပြည့်အသိပ် တင်ဆောင်လာသည့် ၎င်း၏မော်တော်ယာဉ်ကို ဘဂ္ဂဒက်မြို့အနောက်ပိုင်း ကီလိုမီတာ ၁၀၀အကွာရှိ ရာမာဒီမြို့မှ ရဲတပ်သား စုဆောင်းရေးဌာန အနီးတွင် ဖောက်ခွဲခဲ့ကြောင်း ဒေသဆိုင်ရာ ရဲသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လူအများအပြားရဲတပ်သားစုဆောင်းရေးဌာနတွင် စုရုံးနေချိန် တနင်္လာနေ့တွင် ဗုံးပေါက်ကွဲခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင် အများစုအပါအဝင် လူ ၁၃ဦးသေဆုံးပြီး လူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုအမည်မဖော်လိုသည့် သတင်းရပ်ကွက်က ပြောကြားသည်။

ရဲတပ်သားစုဆောင်းရေးဌာနမှာလည်း အကြီးအကျယ် ပျက်စီးသွားပြီး ဒဏ်ရာအပြင်းအထန်ရသူများကို ရာမာဒီ ပြည်သူ့ဆေးရုံသို့ အလျင်အမြန် တင်ပေးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်ထားရာမှ ဖြုတ်လိုက်သော အတ္တလန္တစ် လွန်းပြန်ယာဉ်ကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုနိုင်ငံ ဆီနာလိုအာပြည်နယ် ကူလီယာကန်မြို့တွင် လာနီဟာရီကိန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် တိမ်းမှောက်နေသော ကားတစ်စီးကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နှစ်စဉ်တံတား အစင်း ၁၀၀၀၀ တရုတ်နိုင်ငံတွင် တည်ဆောက်လျက်ရှိ

ပေကျင်း စက်တင်ဘာ ၁၈

တရုတ်နိုင်ငံတွင်း၌ နှစ်စဉ်ပျမ်းမျှအားဖြင့် တံတားအစင်း ၁၀၀၀၀ တည်ဆောက်လျက်ရှိကြောင်း၊ ၁၅နှစ်ကျော်ကာလအတွင်း တည်ဆောက်ပြီးစီးသော တံတားပေါင်း ၁၅၀၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း တရုတ်အကယ်ဒမီ အင်ဂျင်နီယာဌာနဥက္ကဋ္ဌ ဇူကူအန်ဒီက ပြောကြားသည်ကို သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကီလိုမီတာ ၈၃၀၀

ကားလမ်းနှင့်ရထားလမ်းတံတားများ အပါအဝင်ဆောက်လုပ်ပြီးစီးသော တံတားစုစုပေါင်း၏အရှည်မှာ ကီလိုမီတာ ၈၃၀၀ ရှိကြောင်း၊ မြို့ကြီးများတွင် လမ်းဆုံလမ်းခွများပါသော နှစ်ထပ်လမ်းပိုင်းတံတားတို့ကိုလည်း တည်ဆောက်ထားကြောင်း စက်တင်ဘာ ၁၆ ရက်က ကျင်းပသော တရုတ်နိုင်ငံ သိပ္ပံနှင့်နည်းပညာအဖွဲ့၏ နှစ်စဉ်အစည်းအဝေးပွဲတွင် ဇူကပြောကြားသည်။

တည်ဆောက်နိုင်

တရုတ်နိုင်ငံသည် ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၆၀ ပြည့်နှစ် အချိန်ကာလအတွင်းက တံတားတည်ဆောက်မှုလုပ်ငန်းပိုင်းတွင် ပြည်ပနိုင်ငံမှ နည်းပညာများကို ရယူခဲ့ရသော်လည်း ယခုအခါ မိမိနိုင်ငံ၌ပင် ဒီဇိုင်းရေးဆွဲပြီး တံတားများ တည်ဆောက်လာနိုင်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်တွေ့ပြသ

ကျင်ဟိုင်း-တိဘက် ရထားလမ်းတည်ဆောက်မှုသည် တရုတ်နိုင်ငံ၏ တံတားတည်ဆောက်ရေးအပိုင်းတွင် တိုးတက်အောင်မြင်နေသည်ကို လက်တွေ့ပြသနေခြင်းဖြစ်သည်။ အဆိုပါ ရထားလမ်းမှာ ၁၅၆ ဒသမ ၇ ကီလိုမီတာ ရှည်သောတံတားဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မော်စကိုမြို့အနီး ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

မော်စကို စက်တင်ဘာ ၁၇

ရုရှားနိုင်ငံ မော်စကိုမြို့တော်အနီးရှိ မိလ္လာစက်ရုံတစ်ခုတွင် စက်တင်ဘာ ၁၆ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း အင်တာဖက်စ်သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားသော မိလ္လာကန်သန့်စင်ရေးစက်ရုံမှာ ပျက်စီးသွားပြီး အနီးဝန်းကျင်ရှိ အဆောက်အအုံ တစ်လုံးမှာလည်း ပြိုပျက်သွားခဲ့သည်။

ယခုပေါက်ကွဲမှုကြောင့် လူရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြခဲ့သည်။ နောက်ထပ်လုပ်သားနှစ်ဦးမှာလည်း ပြိုကျနေသော အဆောက်အအုံအတွင်း ပိတ်မိနေရာ စိုးရိမ်နေရဆဲဖြစ်ကြောင်း သိရသည်။

ယင်းမိလ္လာစက်ရုံကို သန့်ရှင်းရေးမပြုလုပ်သည်မှာ အချိန်ကြာမြင့်နေပြီဖြစ်ကြောင်း သတင်းများကဆိုသည်။ ထိုအချက်ကြောင့် စက်ရုံကို ပေါက်ကွဲစေနိုင်သော ဓာတ်ငွေ့ဆိုးများ အဆောက်အအုံအတွင်း စုပြုံခိုအောင်းနေရခြင်း ဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့မှလာသော သတင်းကဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကျောက်တံတားမြို့နယ် အနော်ရထာလမ်းထိပ်မှ ပန်းဆိုးတန်းလမ်း မီးရထားခုံးကျော်တံတားအနီးရှိ လမ်းသား ပြုပြင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တွင်းလမ်းများ ပြုပြင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တွင် မိုးရွာသွန်းမှုများပြားသဖြင့် မိုးရေတိုက်စား၍ ယိုယွင်းသွားသောလမ်းများနှင့် တောင်ဥက္ကလာပမြို့နယ်ရှိ ခြောက်လမ်းသွား ဝေဇယန္တာလမ်းမကြီးအား စက်ယန္တရားကြီးများဖြင့် ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှုကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက် ၆နာရီခွဲတွင် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းထိပ်မှပန်းဆိုးတန်းလမ်း မီးရထားခုံးကျော်တံတားတစ်လျှောက် မိုးရေတိုက်စားမှုကြောင့် ယိုယွင်းသွားသော နေရာများအား ကတ္တရာ ကွန်ကရစ်ဖြင့်လမ်းသားပြုပြင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင် ဦးညီညီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူးဦးဗိုလ်ဌေး၊ အနောက်ပိုင်းခရိုင် တာဝန်ခံအင်ဂျင်နီယာလက်ထောက်ဌာနမှူးဒေါ်တင်အောင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် တာမွေမြို့နယ် ကျောက်မြောင်းဈေးအနီး ကျိုက္ကဆံလမ်း ကတ္တရာ ကွန်ကရစ်ဖြင့် လမ်းသားများပြုပြင်နေမှု၊ ကျိုက္ကဆံလမ်းနှင့် သမိန်ဗရမ်းလမ်းထောင့်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရေဆင်းပေါက်များ ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည်တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းမကြီးအား စက်ယန္တရားကြီးများဖြင့် ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီးနောက် တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားသွားသည်။ (၁၉)

ညောင်ပင်သာဆရာတော် တရားပွဲများကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် မင်းဓေတီလမ်း၊ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့် ဓမ္မကထိက အရှင်မာလာစာရ(ဓမ္မာစရိယ)သည် စက်တင်ဘာ ၂၂ရက်မှ ၂၄ရက်အထိ ဗိုလ်တထောင်မြို့နယ် လမ်း ၅၀(အောက်)ရှိ ဓမ္မမာမက ဓမ္မာရုံ၌လည်းကောင်း၊ အောက်တိုဘာ ၉ရက်မှ ၁၅ရက်အထိ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ ခုနစ်ရက် တရားစခန်း၌လည်းကောင်း သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ကျောင်းတိုက် ဖုန်း-၆၄၀၂၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

(၂၁၃)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ရက် နံနက် ၈နာရီမှစ၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၁ဆု၊ ငွေကျပ် ၁၀သိန်း ၄၆၄ဆု၊ ငွေကျပ်ငါးသိန်း ဆု ၂၀၊ ငွေကျပ်လေးသိန်း ၂၅ဆု၊ ငွေကျပ်နှစ်သိန်း ၁၈၅ဆု၊ ငွေကျပ်တစ်သိန်း ဆု ၁၄၄၀၊ ငွေကျပ်ရှစ်သောင်း ၆၃ဆု၊ ငွေကျပ်လေးသောင်း ဆု ၁၀၀၊ ငွေကျပ်နှစ်သောင်း ၁၄၉၃၄ ဆု၊ စုစုပေါင်း ၁၇၂၆၉ဆုဖြစ်သည်။

(၂၁၃)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၉ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ဖွံ့ဖြိုးသာစွ တို့ပြည်အလှ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန် သက်ဆိုင်ရာက ဖိတ်ခေါ်ထားသည်။ ရိုက်ကူးယှဉ်ပြိုင်သည့် အကြောင်းအရာမှာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ယဉ်ကျေးမှုများ၊ ရှုခင်းများ စသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လှပမှုများကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ကြရန်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၄ လက်မဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် စာတည်းမှူး(ထုတ်လုပ်ရေးဌာနခွဲ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၁၃၄၂၊ ၃၇၁၃၄၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၁၃၆၈ခုနှစ်၊တော်သလင်းလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၂၀ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ Intermational News.
၈း၄၅ ၉။ Let's Go.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်း အခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲတွင် ဒုတိယဆုရ(အထက-၂၊စမ်းချောင်းဝတ်အသင်း)
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ်(ဓာတုဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၁၀ ၆။ မြန်မာစာ၊မြန်မာစကား
၅း၂၅ ၇။ သီချင်းကြီးပဒေသာ
၅း၃၅ ၈။ **"အားနာလိုက်တာ" (မောစ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၅း၄၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၅၀ ၁၀။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၄။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (အဆိုပြိုင်ပွဲဆွေးနွေးခန်း)
၇း၂၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇း၃၅ ၁၆။ ထုထည်ကြီးမားထင်ရှားဧကန်ဓမ္မရုံ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နာမည်တစ်လုံးနှင့် နေကြသူများ (လူမင်း၊ ခန့်စည်သူ၊ နန္ဒ၊ နေလင်းဦး၊ နေတိုး၊ တြိဂုံ၊ အိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့်မောင်၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဆုချီးမြှင့်

မွန်ပြည်နယ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် (၂၀၀၃-၂၀၁၂)အထိမ်းအမှတ် အခမ်းအနားနှင့် ထူးချွန်ဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၈ ရက်က မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမ၌ ကျင်းပရာ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၀၇)

နှစ်ဖက်မိဘများအားအမှူးထား၍ ကွယ်လွန်သူဒေါ်စောခင်အားရည်စူးပြီး ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ၂၇လမ်းထောင့်နေ ဦးစိန်ထွန်းအောင် (Rakhine State Coastal Transport Agency And General Trading) အောင်သူရိန် ဆန်စက်လုပ်ငန်းနှင့် စိန်တောင်ကြီး မိတ္တူကွန်ပျူတာ စာစီစာရိုက်ဝန်ဆောင်မှု လုပ်ငန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ဓာတုဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၉

၁၉၇၄-၁၉၇၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဓာတုဗေဒဌာနတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို အောက်တိုဘာလ၌ ကျင်းပနိုင်ရေးအတွက် စက်တင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် လမ်းမတော်မြို့နယ် (၁၁)လမ်း အမှတ်(၄၅)ရှိ ဦးလှသိန်း-ဒေါ်တင်လေးကြည် နေအိမ်၌ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။ ဆရာကန်တော့ပွဲအတွက် ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ဦးမောင်မောင်အေး ဖုန်း-၀၉၅-၁၉၀၉၁၊ ဦးထွန်ရွှင် ဖုန်း-၂၉၃၃၆၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉၉၉-၂၃၂၄၇၊ ဒေါ်ဝေဝေသန်း ICဖုန်း-၅၆၀၄၈၄ နှင့် ဦးကျော်မိုး စိန် IC ဖုန်း-၀၉၉၉- ၂၅၆၀၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ပနိုင်ငံအချို့၏ ဖိအားပေးအကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး ပြည်တွင်း၌ တည်ငြိမ်အေးချမ်းမှုများပျက်ပြားအောင် လုပ်ဆောင်သူဟူသမျှကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့က တိုက်ဖျက်ချေမှုန်းသွားမည်

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်တွင်း ပြည်ပအဖျက်သမားများ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး တစ်ဖက်မှ မြန်မာနိုင်ငံ၏အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် ဖန်တီးလုပ်ဆောင်ခဲ့ပြီး အခြားတစ်ဖက်မှလည်း ပြည်တွင်း၌ ဆူပူအုံကြွ အကြမ်းဖက်မှုများ ဖြစ်ပွားအောင် အကွက်ချလုပ်ဆောင်နေကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံက ဦးဆောင်ပြီး မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်ကြောင်း အကြောင်းပြစွပ်စွဲကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းလုပ်ဆောင်နေချိန်နှင့် တစ်ပြိုင်တည်းတွင် ပြည်တွင်း၌ ဆူပူအုံကြွဖောက်ခွဲမှုများပြုလုပ်ရန် လှုပ်ရှားဆောင်ရွက်နေကြောင်း သတင်းများရရှိခဲ့သည်။

လုပ်ဆောင်နေ

ပြည်ပြေးအကြမ်းဖက်သမားများနှင့် လက်ကျန်သောင်းကျန်းသူများ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသားကောင်စီ(NCUB)သည် ဗကပယူ ဂျီလက်ကျန်များနှင့် ပူးပေါင်းပြီး ဗကပများရေးဆွဲထားသည့် လူထုတိုက်ပွဲစီမံချက်ကို အကောင်အထည်ဖော်ရန် အတွက် ဗဟိုလူထုတိုက်ပွဲကော်မတီကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိကြောင်း၊ ယင်းကော်မတီ၏ လက်အောက်တွင် ပြည်တွင်းယူဂျီများဖြင့် ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီ ဆိုသည် ကိုလည်း ဖွဲ့စည်းထားကြောင်း၊ ယင်းကော်မတီတွင် မျိုးဆက်သစ်ကျောင်းသားအမည်ခံ အုပ်စု၊ ဝါရင့်နိုင်ငံရေးသမားဆိုသူများအချို့၊ CRPP အဖွဲ့ဝင်အချို့နှင့် NLD ပါတီဝင် အချို့လည်း ပါဝင်လှုပ်ရှားနေကြောင်း၊ ၎င်းတို့သည် သံဃာတော်များ၊ တက္ကသိုလ်၊ ကောလိပ် ကျောင်းသားများ၊ အလုပ်သမားများအတွင်း၌ အမာခံများသွတ်သွင်းမွေးမြူပြီး ဆူပူအုံကြွမှုနှင့် အကြမ်းဖက်ဖောက်ခွဲမှု လုပ်ရပ်များ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်နေကြောင်း သတင်းများ ရရှိသည်။

တိုက်ဖျက်ချေမှုန်းသွားမည်

ယင်းသို့ ပြည်ပနိုင်ငံအချို့၏ ဖိအားပေးအကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး နိုင်ငံတော် တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းသာယာမှု၊ ဒီမိုကရေစီဖော်ဆောင်မှုများ ပျက်ပြား စေရန်နှင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက်နည်းများဖြင့် ရယူရန် ကြံစည်လုပ်ဆောင်လာသော ပြည်တွင်း ပြည်ပအဖျက်သမားများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တိုက်ဖျက်ချေမှုန်း သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အကြမ်းဖက်သမားများက ပြည်သူ့ဘဝ အေးချမ်းလုံခြုံမှုကို ဖျက်ဆီးနေ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်လျက်ရှိ လုံခြုံရေးသတိထားရှိပြီး ပူးပေါင်းကာကွယ်သွားရန် တိုက်တွန်းနှိုးဆော်ထား

ရန်ကုန် စက်တင်ဘာ ၁၉

အကြမ်းဖက်အဖျက်သမား ပြည်ပြေးများနှင့် သောင်းကျန်းသူများသည် ပြည်တွင်း ပြည်ပ ချိတ်ဆက်လျက် ဖောက်ခွဲဖျက်ဆီးမှုများ၊ ဆူပူအုံကြွမှုများ ချိန်ကိုက်လုပ်ဆောင်ကာ ပြည်သူတို့၏ ဘဝလုံခြုံအေးချမ်းမှုများပျက်ပြားအောင် ပူးပေါင်းကြံစည် လုပ်ဆောင်လျက်ရှိသည်။

လုံခြုံရေးအထူးသတိပြု

KNUအကြမ်းဖက်သောင်းကျန်းသူများသည် စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းက နယ်စပ်ဒေသ လောခီးလာစခန်း၌ အစည်းအဝေးတစ်ခုပြုလုပ်ပြီး လက်နက်ကိုင်တိုက်ခိုက်မှု များကို ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ယင်းအစည်းအဝေးသို့ KNU အတွင်းရေးမှူး ဖဒိုမန်းရှာ၊ တွဲဖက် အတွင်းရေးမှူး(၁) တူးတူးလေး၊ KNU တပ်မဟာ(၂) တပ်မဟာမှူး အားစီနှင့် KNU ဗဟိုမှ စိုးစိုးတို့အပါအဝင် ၃၀ခန့် တက်ရောက်ခဲ့ကြသည်။ KNU တပ်မဟာ(၂)မှူး အားစီသည် ပဲခူးတိုင်း တောင်ငူ-ညောင်လေးပင် အတွင်းပိုင်းသို့ ဖောက်ခွဲရေးအဖွဲ့များစေလွှတ်ကာ ရထားလမ်း၊ ကားလမ်းနှင့် မြို့ရွာများ၌ မိုင်းထောင်ဖောက်ခွဲမှု အကြိမ်ကြိမ်ပြုလုပ်နေသူဖြစ်သည်။ ယင်း KNU အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ရဟန်းရှင်လူ ခရီးသွားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများက လုံခြုံရေးအထူးသတိပြုပြီး ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်းသိရှိရသည်။

ပြည်တွင်းသို့စေလွှတ်ထား

အလားတူ တစ်ဖက်နိုင်ငံ မဲဆောက်မြို့၌ ပြည်ပြေးအကြမ်းဖက်သမားများနှင့် သောင်းကျန်းသူအဖျက်သမားများ ပူးပေါင်းအဖွဲ့က မြန်မာနိုင်ငံအတွင်း၌ ဆူပူအုံကြွမှုနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ဆက်စပ်လုပ်ဆောင်ရန်အတွက် လူထုလှုပ်ရှားမှုအစီအမံကို တိုးမြှင့်လုပ်ဆောင်နေပြီး ပြည်တွင်းသို့စေလွှတ်ထားသော ၎င်းတို့၏ယူဂျီများက ဆန့်ကျင်စာများ လျှို့ဝှက်ဖြန့်ဝေလျက်ရှိကြောင်း၊ ABSDF အထွေထွေအတွင်းရေးမှူး ကျော်ကိုသည် မဲဆောက်မြို့ရှိ ABSDF ရုံး၌ စုစည်းထားသည့် ယူဂျီ ၄၀အား ခေါ်ဆောင်၍ ABSDF ဌာနချုပ်ရှိရာ ဒေါင်းခွင်စခန်းသို့ ထွက်ခွာသွားကြောင်း၊ ယင်းယူဂျီ ၄၀သည် လူထုဆူပူအုံကြွမှုဖြစ်ပွားရေး သင်တန်းတက်ရောက်ထားသူများဖြစ်ပြီး ဒေါင်းခွင်မှတစ်ဆင့် စက်တင်ဘာ ၁၈ရက်တွင် ပြည်တွင်းသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း ဆက်စပ်သတင်းများ ရရှိထားသည်။

ကြိုတင်သတင်းပေးပို့

သို့ဖြစ်၍ အများပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားရေး အဝန်းအဝိုင်းအတွင်းသို့ အကြမ်းဖက်အဖျက်အမှောင့်သမားများ ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်ရေး အတွက် လုံခြုံရေးသတိထားရှိကြရန်နှင့် မသင်္ကာဖွယ်ရာများတွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ကြိုတင်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဗိုလ်တထောင် စေတီတော်မြတ်ကြီး၌ တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၉

၁၃၆၈ခုနှစ် တော်သလင်းလကွယ်နေ့ (စက်တင်ဘာ ၂၁ ရက်) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ခင်မကန်တိုက်ကျောင်းမှ စစ်ကိုင်းဆရာတော် ဦးခေမိန္ဒက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကိုင်းကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက က လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၉

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ပညိဿရသည် အောက်တိုဘာ ၁ရက်မှ ၇ရက်အထိ ဝိပဿနာ အလုပ်ပေးတရားများကို ဟောကြားပြသမည်ဖြစ်ပြီး အောက်တိုဘာ ၈ရက် မွန်းတည့် ၁၂နာရီတွင် ကထိန်သင်္ကန်းလှူဒါန်းပွဲကို ကျင်းပမည်ဖြစ်သည်။

ရိပ်သာဝင်လိုသော ယောဂီများသည် စက်တင်ဘာ ၃၀ရက် ညနေ အရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၅၂-၂၃၂၆၃၊ ကိုကျော်ဆန်း (ရန်ကုန်) ဖုန်း-၀၉ ၅၀ ၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယနေ့ မိုးလေဝသ

(၂၀-၉-၂၀၀၆)

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng နှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေမန်နေဂျာများ၊ ရန်ကုန်ဘူတာကြီး ရုံပိုင်ချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကုန်ဘူတာကြီး၌ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng က ချစ်ကြည်ရေးလက်ဆောင် လူစီးတွဲများ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကျေးဇူးတင်စကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့လာသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံရာက ချစ်ခင်ရင်းနှီးမှု တိုးတက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းအများအပြားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့မီးရထားသည် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍတွင် အဓိကကျသော သယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်၏ ဗဟိုချက်မဖြစ်သည့် နေပြည်တော်နှင့် နိုင်ငံအနှံ့ ဒေသများသို့ ရထားလမ်းဆက်သွယ်မှု တိုးချဲ့ဆောင်ရွက်နေသည့်နည်းတူ စီးပွားရေးအချက်အချာဒေသနှစ်ခုဖြစ်သည့် ရန်ကုန်နှင့်မန္တလေးအကြားကိုလည်း ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်း စသည်တို့ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု လွှဲပြောင်းပေးအပ်သည့် လူစီးတွဲ ၁၃၀ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့သော လူစီးရထားတွဲများဖြစ်ကြောင်း၊ ယင်းလူစီးတွဲများကို မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ လိုအပ်သည့် မွမ်းမံမှုများကို ဆောင်ရွက်၍ အသုံးပြုသွားရန်ဖြစ်ကြောင်း၊ မွမ်းမံပြီး လူစီးတွဲများကို ရန်ကုန်–မန္တလေးလမ်းပိုင်း အစုန်အဆန် အထူးအမြန်ရထားတွင် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၄ ရက်မှ စတင်၍ အသုံးပြုလျက်ရှိကြောင်း။

အထောက်အပံ့ဖြစ်

ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် လူစီးရထားတွဲ ၁၃၀ ပေးအပ်ခြင်းသည် မြန်မာနိုင်ငံပြည်သူပြည်သားတိုင်း၏ ခရီးသွားလာအဆင်ပြေချောမွေ့မှုကို အထောက်အပံ့ဖြစ်စေကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ခြင်း၊ ရှေးယခင်ကတည်းက ဆွေမျိုးပေါက်ဖော်အဖြစ် ရင်းနှီးစွာဆက်ဆံခဲ့ကြသည့် အစဉ်အလာကောင်းများရှိနေခြင်း၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းများ၏ ရလဒ်ကောင်းအဖြစ် ယခုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးတွဲများ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်ခြင်းအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng ထံ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေက ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာ့မီးရထားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော လူစီးတွဲ ၁၃၀ ကို ပြည့်စုံစွာ လက်ခံရရှိကြောင်း စာရွက်စာတမ်းများကို ပေးအပ်သည်။

ချစ်ကြည်ရေးလက်ဆောင်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ရေနွေးငွေ့စက်ခေါင်းနှစ်လုံးနှင့် လူစီးတွဲနှစ်တွဲ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ပေးအပ်သည့် ရေနွေးငွေ့စက်ခေါင်းနှစ်လုံးနှင့် လူစီးတွဲနှစ်တွဲနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူချက်ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရေနွေးငွေ့စက်ခေါင်းနှစ်လုံးနှင့် လူစီးတွဲနှစ်တွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းကို ၁၈၇၇ခုနှစ် မေ ၁ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်း၊ ထိုစဉ်အခါက ရေနွေးငွေ့စက်ခေါင်းများကို အင်္ဂလန်နိုင်ငံမှ တင်သွင်းကာ တွဲရွှေ့စက်ခေါင်း၊ လူစီးရထားစက်ခေါင်း၊ ကုန်ရထားစက်ခေါင်းများအဖြစ် အသုံးပြုခဲ့ပြီး စက်ခေါင်းပြင်စက်ရုံကို ရန်ကုန်(အင်းစိန်)တွင် တည်ဆောက်ခဲ့ကြောင်း၊ ဒီဇယ်သုံးရထားစက်ခေါင်းကို မြန်မာ့မီးရထား၌ ၁၉၅၈ခုနှစ်၌ စတင်အသုံးပြုခဲ့ကြောင်း၊ ရေနွေးငွေ့စက်ခေါင်းများကိုလည်း ယခုတိုင် အသုံးပြုဆဲဖြစ်ကြောင်း။

ကမ္ဘာလှည့်ခရီးသည်ဆွဲဆောင်

ယနေ့ချစ်ကြည်ရေးလက်ဆောင်အဖြစ် လွှဲပြောင်းပေးသည့် ရေနွေးငွေ့စက်ခေါင်းသည် Robert Stephenson & Hawthom Co.,Ltd. မှ ထုတ်လုပ်ပြီး ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တွဲရွှေ့စက်ခေါင်းအဖြစ် စတင်အသုံးပြုခဲ့ကြောင်း၊ တန်ချိန် ၆၀၀ အထိ ချိတ်ဆွဲနိုင်သော ကျောက်မီးသွေးအသုံးပြု ရေနွေးငွေ့စက်ခေါင်းဖြစ်ကြောင်း၊ ယခုအခါ ထိုရေနွေးငွေ့စက်ခေါင်းနှင့်တွဲများကို ယခင်ခေတ်သုံး စက်ခေါင်းများအဖြစ် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစရာ၊ လူငယ်များစိတ်ဝင်စားစရာ ဖြစ်လာခဲ့ကြောင်း၊ ယခုခေတ်တွင် ဒီဇယ်စက်ခေါင်းများဖြင့် ပြေးဆွဲသောရထားများကို စီးနင်းသွားလာရင်း အတိတ်ကာလကသုံးစွဲခဲ့သည့် ရေနွေးငွေ့စက်ခေါင်းများအကြောင်း စိတ်ဝင်စားလာခဲ့ပြီး ရေနွေးငွေ့ဖြင့် မောင်းနှင်သည့်ရထားများကို စီးနင်းကြည့်လိုသည့် စိတ်ဆန္ဒများ ဖြစ်ပေါ်လာသည့်အတွက် နိုင်ငံအတော်များများမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် ရေနွေးငွေ့စက်ခေါင်းနှင့် ခေတ်ဟောင်းသုံးတွဲများကို ဖွဲ့ဆင်ပြီး ကမ္ဘာလှည့်ခရီးသည်ဆွဲဆောင်မှုလုပ်ငန်းအဖြစ် ရထားပြေးဆွဲသည်ကို တွေ့မြင်ရကြောင်း၊ ထို့ပြင် ပြတိုက်များတွင်လည်း ခေတ်ဟောင်းသုံး ရေနွေးငွေ့စက်ခေါင်းများ၊ တွဲများ၊ ယခင်ခေတ် ဘူတာရုံသုံးပစ္စည်းကိရိယာများကိုလည်း ပြသထားလေ့ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ရထားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားလုပ်ငန်းတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အဓွန့်ရှည်စေရေးအတွက် ယခု ရေနွေးငွေ့စက်ခေါင်းနှစ်ခေါင်းနှင့် ဆက်စပ်လူစီးတွဲနှစ်တွဲကို ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခြင်းသည် နှစ်နိုင်ငံရထားလုပ်ငန်းတို့အကြား ချစ်ကြည်ရေးသမိုင်းမှတ်တိုင်တစ်ခု ဖြစ်စေကြောင်း။

မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာ့မီးရထားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော လူစီးတွဲများကို ပြည့်စုံစွာ လက်ခံရရှိကြောင်း စာရွက်စာတမ်းများကို Kunming Railway Bureau မှ Director Generl, Mr. Qiu Zhipeng ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်

ယခုကဲ့သို့ မြန်မာနိုင်ငံ ခေတ်ဟောင်းသုံး ရေနွေးငွေ့စက်ခေါင်းနှင့် တွဲများအား တရုတ်နိုင်ငံ မီးရထားသို့ ချစ်ကြည်ရေးလက်ဆောင် ပေးအပ်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr. Qiu Zhipeng က ချစ်ကြည်ရေးလက်ဆောင် ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများ လက်ခံရရှိခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သည့် လူစီးတွဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည့် ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

ကျေးဇူးတင်စကား ပြောကြား

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Kunming Railway Bureau မှ Director General, Mr.Qiu Zhipeng ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ်ပေးအပ်သော လူစီးတွဲများအား တွေ့ရစဉ်။ (သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်

(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်

(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်

(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်

(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်

❒ အင်ဒိုနီးရှားမှ

ရှာဖွေတွေ့ရှိသောနေရာမှာ နယူးဂီနီကျွန်းအနောက်ဘက် ဘာဒ်ဟဒ်ကျွန်းဆွယ် ဒေသဝန်းကျင်တွင်ဖြစ်သည်။ ယင်းဒေသ၌ ဓာတ်သတ္တုများ ရှာဖွေခြင်းနှင့် ဒိုင်းနမိုက်ခွဲ၍ ငါးရှာခြင်းများပြုလုပ်ပါက သန္တာကျောက်တန်းများ ပျက်စီးပြီး ရေနေသက်ရှိများ ဆုံးရှုံးနိုင်သဖြင့် အကာအကွယ်ပေးထားရန် သိပ္ပံပညာရှင်များက တောင်းဆိုကြသည်။

ယခုလေ့လာစူးစမ်းမှုကို ဦးဆောင်ပြုလုပ်သူမှာ အပြည်ပြည်ဆိုင်ရာ သဘာဝဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့(စီအိုင်)မှ ပညာရှင် မတ်ဂ်အတ်ဒ်ဒမင် ဖြစ်သည်။ ၎င်းနှင့်အဖွဲ့သည် အဆိုပါဒေသ၌ နှစ်ကြိမ်တိုင်တိုင် စူးစမ်းလေ့လာမှုများကို ပြုလုပ်ခဲ့သည်။ ဖော်ပြပါနေရာတွင် ဇီဝမျိုးကွဲပေါင်း များစွာတည်ရှိသည်ဟူသောအချက်ကို မိမိတို့ ယုံကြည်သည်ဟု အတ်ဒ်မင်က ပြောကြားသည်။

၎င်းသိပ္ပံပညာရှင်အဖွဲ့သည် ငါးမန်းမျိုးစိတ်သစ်နှစ်မျိုးအပါအဝင် ငါးမျိုးစိတ်အသစ် ၂၄မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုငါးမန်းမျိုးစိတ်သစ်နှစ်မျိုးသည် ၁ ဒသမ ၂ မီတာအထိ ရှည်လျားသော အရွယ်အစားရှိသည်။ ဖော်ပြပါ တွေ့ရှိမှုအသစ်များအပြင် သန္တာကျောက်စိုင်မျိုးသစ် ၂၀ နှင့် ယခင်က မတွေ့ရှိဖူးသေးသော ပုစွန်မျိုးသစ်ရှစ်မျိုးတို့ကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ယခုသိရှိရသော တွေ့ရှိမှုအသစ်များအနက် ငါးမန်းမျိုးစိတ်သစ်ကို တွေ့ရသည့်ကိစ္စမှာ ထူးခြားသည့်ကိစ္စဖြစ်သည်။ ငါးမန်းသည် ဘက်တီးရီးယားပိုးမျိုးမဟုတ်ဘဲ အဆင့်မြင့်သတ္တဝါမျိုးဖြစ်နေသောကြောင့် ထူးခြားသည်ဟု ဆိုရခြင်းဖြစ်သည်ဟု အတ်ဒ်မင်က ပြောကြားသည်။

ငါးမန်းမျိုးစိတ်သစ်အပြင် ကိုယ်ခန္ဓာပေါ်၌ အရောင်မျိုးစုံ ထွက်သော ငါးမျိုးစိတ်သစ်တစ်မျိုးကိုလည်း တွေ့ရှိကြရသည်။ ၎င်းငါးမျိုးကိုယ်ပေါ်တွင် တောက်ပသော အဝါရောင်၊ အပြာရောင်၊ ပန်းရောင် စသည့် အရောင်အမျိုးမျိုး ကိုလည်း တွေ့ရသည်ဟုဆိုသည်။

သက်ရှိအသစ်များကိုတွေ့ရှိရသော ကျွန်းဆွယ်ဒေသမှာ စတုရန်းကီလိုမီတာ ၁၈၀၀၀ ကျယ်ဝန်းသည်။ ထိုဒေသ၌ရှိနိုင်သော ဇီဝမျိုးများမှာ ဩစတြေးလျနိုင်ငံ သန္တာကျောက်တန်းကြီး၏ဝန်းကျင်တွင်ရှိနေသည့် သက်ရှိအရေအတွက်ထက်ပင် များနိုင်သေးသည်ဟု အတ်ဒ်မင်က ပြောကြားသည်။

လောလောဆယ်တွင် နယူးဂီနီကျွန်းအနောက်ဘက် ပင်လယ်ပြင်၏ ၁၁ရာခိုင်နှုန်းကိုသာ အကာအကွယ်ပေးထားသော ဒေသအဖြစ် သတ်မှတ်ထားသည်။ သို့ရာတွင် ယခုအခါ ထိုအကာအကွယ်ပေးထားသော ပင်လယ်ပြင်ဒေသကို ထပ်မံတိုးချဲ့ကာကွယ်သွားရန် အင်ဒိုနီးရှား ငါးလုပ်ငန်းဝန်ကြီးဌာနက စီစဉ်နေသည်ဟုဆိုသည်။

အင်တာနက်

✳ ဘရာဇီးဘောလုံးသမားမှ

စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။ အသက် ၄၀ အရွယ်ရှိ တိုက်စစ်မှူး ရိုမာရီယိုသည် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် တစ်ဦးတည်း ဂိုးပေါင်း ၅၀ ကျော်သွင်းယူနိုင်သည့် လက်ရွေးစင်ဘောလုံးသမားများစာရင်းတွင် တစ်ဦးအဖြစ် ပါဝင်သည်။

ဘရာဇီးနိုင်ငံ၏ အထူးချွန်ဆုံးနှင့်အကျော်ကြားဆုံး ဘောလုံးသမားဖြစ်သူ ရိုမာရီရိုသည် ဘောလုံးသမိုင်းတွင် မှတ်တိုင်စိုက်ထူနိုင်သူလည်းဖြစ်သည်။ ရိုမာရီယို၏ အသက် (၄၀)ပြည့် မွေးနေ့မကျရောက်မီ တစ်ရက်အလို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ၉၅၀ မြောက်ဂိုးကို ၎င်းသွင်းယူခဲ့သည်။ ရိုမာရီယိုသည် ဂိုးပေါင်း ၁၀၀၀ အထိ သွင်းယူနိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။ ဂိုးပေါင်း ၁၀၀၀ ဟူသည်မှာ ဘောလုံးဘုရင် ပီလီတစ်ဦးတည်းသာလျှင် သွင်းယူနိုင်ခဲ့သည့် စံချိန်ဖြစ်သည်။

အင်တာနက်

➪ ကျောဖုံးမှ

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြို့လှမြို့ရှိ (၃၃/၁၁)ကေဗွီ သဲဖြူဓာတ်အားခွဲရုံသို့ ရောက်ရှိကြရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရေနီ၊ သာဝတ္ထိနှင့် မြို့လှမြို့တို့ အနီးတစ်ဝိုက် ဒေသများသို့ လက်ရှိဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ဝန်ကြီးဌာနများမှ စက်ရုံတို့ လိုအပ်သည့်ဓာတ်အားကို အပြည့်အဝ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် တိုးချဲ့တည်ဆောက်ရမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်က တိုးချဲ့တည်ဆောက်မည့် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံအတွက် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဓာတ်အားခွဲရုံတည်ဆောက်ရန် မြေနေရာကို ရွေးချယ်သတ်မှတ်ပေးကာ လိုအပ်သည့်အစီအမံများကို အတည်ပြု သတ်မှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ၃၃ ကေဗွီ ဓာတ်အားထိန်းချုပ်ခန်းမအတွင်း ဓာတ်အားပို့လွှတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ တရုတ်–အာဆီယံမှ

အဆိုပါ ကပြဖျော်ဖြေပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးတင်စိုး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့ ခေါင်းဆောင် Mr. Chen Jiang တို့က တရုတ်–မြန်မာယဉ်ကျေးမှု ရက်သတ္တပတ်အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် ဧည့်ပရိသတ်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့၏ တင်ဆက်မှုအစီအစဉ်ကို ကဏ္ဍအလိုက် ဖျော်ဖြေတင်ဆက်သည်။

တင်ဆက် ဖျော်ဖြေမှုအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့က ဖျော်ဖြေတင်ဆက်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်ကို စက်တင်ဘာ ၂၀ ရက် ည ၇ နာရီတွင် အမျိုးသားဇာတ်ရုံ၌ ဆက်လက် ဖျော်ဖြေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အရှင်နရပတိ၏ ဓမ္မသဘင်တရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၉

ပဲခူးတိုင်း သာယာဝတီမြို့ ပြည်တော်သာရပ် ဥတိုကြီးကျောင်း(ခ) မဏိရတနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် နယ်လှည့် (ဓမ္မကထိက) အရှင်နရပတိသည် ၁၃၆၈ခု တော်သလင်းလကွယ်၊ စက်တင်ဘာ ၂၁ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် သာယာဝတီမြို့ ဈေးလမ်း သမ္မာဆန္ဒဓမ္မာရုံတွင် တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မဟာဗျူဟာလေ့လာရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် “Workshop on Challenges and Prospects for the Future of ASEAN-EU Relations” မဟာဗျူဟာလေ့လာရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ စဗ္ဗိုင်းဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အတွင်းရေးမှူး သံအမတ်ကြီးဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးပြီး Friedrich Ebert Stiftung မှ ကိုယ်စားလှယ် Dr. Paul Paschက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ ဥရောပပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Dietrich Andreas တို့က မိတ်ဆက်စကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် “Accessing the Relations between ASEAN and EU” စာတမ်းကို ဥရောပ ပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell က လည်းကောင်း၊ “Challenges Ahead: ASEM, ARF,ASEAN, APEC” စာတမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်တို့ကလည်းကောင်း၊ “Developments in Myanmar-Prospects for the Road Map” စာတမ်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်နှင့် ပါမောက္ခ Robert Taylor တို့ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ ပါဝင်ဆွေးနွေး မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ “Workshop on Challenges and Prospects for the Future of ASEAN-EU Relations” ကို စက်တင်ဘာ ၂၀ရက်တွင် ယင်းဟိုတယ်၌ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင် Workshop on Challenges and Prospects For the Future of ASEAN-EU Relations မဟာဗျူဟာလေ့လာရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာတဲ့ဟေ့ မြန်မာ

❒ ဒို့များခြံထွက်၊ သီးရွက်သားငါး
ဒို့များစားလို့
ဒို့များအားရှိ၊ အားအပြည့်။

❒ ဒို့မိဘများ၊ သင်ကာကြားလို့
ဒို့များပိုင်ပိုင်၊ မယိုင်မယိမ်း
မတိမ်းမစောင်း
ကောင်းကောင်းလမ်းလျှောက်တတ်ပြီးပါ။

❒ မိဘဘိုးဘွား၊ ဆရာသမားတို့
သင်ကြားသမျှ၊ အမြဲပြုလို့
လူမှုလူရေး၊ ယဉ်ကျေးဖွယ်ရာ
မြန်မာဆန်ဆန်၊ မြန်မာ့ဟန်ဖြင့်
ဆက်ဆံဆက်သွယ်၊ လူ့ရပ်နယ်တွင်
တင့်တယ်လျောက်ပတ်၊ မတ်မတ်မားမား
လှုပ်ရှားနေတာ၊ မြင်ရမှာပေါ့။

❒ ဒို့ဘဝတွက်၊ ရည်မှန်းချက်လည်း
တွက်ချက်သေချာ၊ ချမှတ်ကာဖြင့်
စကာတာထွက်၊ ခရီးဆက်နှင်
မျက်မြင်ရှေ့မှာ၊ တွေ့ရမှာပေါ့။

❒ ဒီတော့–
– အားရှိဖို့ရာ၊ သကာအုပ်ထား
အဆိပ်များကို၊ စားပါသောက်ပါ
စေတနာဗရပွ၊ လာမပြနဲ့။
– လမ်းလျှောက်တတ်ရေး
ဘေးမှကူကာ၊ တွဲပေးမှာဟု
ဆရာလာလုပ်၊ ဝင်မရှုပ်နဲ့။
– လူမှုယဉ်ကျေး၊ ဓောင်းတွေပေးပြီး
ယဉ်ကျေးမြန်မာ၊ ပျောက်ကွယ်လာအောင်
ကြံဆောင်အားထုတ်၊ လာမရှုပ်နဲ့။
– ပန်းတိုင်ရှိပြီး၊ ဒို့ခရီးကို
မလိုတမာ
ဝင်ကာစွက်ဖက်၊ မနှောင့်ယှက်နဲ့။

❒ ဒို့များမြန်မာ၊ ချုပ်အခြာကို
ဘာနဲ့မှမလဲ၊ မြဲမြဲမှတ်ပါ
မြန်မာတဲ့ဟေ့ မြန်မာ။ ။

ပျံလွှား

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။ လမ်းလျှောက်ခြင်းသည်–

၁။ **သွေးတိုးကျစေသည်။**

၂။ **စိတ်ပျော်ရွှင်ကျန်းမာစေသည်။**

၃။ **အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။**

၄။ **အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။**

၅။ **ကြွက်သားများသန်စွမ်းဖျတ်လတ်သည်။**

၆။ **သွေးအတွင်းမှ အဆီကျစေသည်။**

၇။ **သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။**

၈။ **အသက်အရွယ်မရွေး၊ လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။**

ရောဂါဘယကင်းစင်၍ သက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန် လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

20-9)09.P65 1 1/1/32, 3:47 AM

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ထမ်း သားသမီးများအား ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား ရွှေတံဆိပ်ဆု၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ချီးမြှင့်၍ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ငါးဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၈၀တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကို ချီးမြှင့်ကြသည်။

ထို့နောက် ခြောက်ဘာသာ ဂုဏ်ထူးရှင် မဖြူမွန်သိမ့်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးအား ရွှေတံဆိပ်ဆု၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သစ်တောရေးရာ)

ကျိုက္ခမီ ရေလယ်ဆံတော်ရှင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရား **(အပေါ်ပုံ)**၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၁ရက်မှ ၆ရက် (အောက်တိုဘာ ၇ရက်မှ ၁၁ရက်)အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

စီမံဆောင်ရွက်နေ

ဘုရားပွဲတော်ရက်များတွင် ရင်ပြင်တော်အတွင်း သန့်ရှင်းသာယာလှပစွာ ပြုပြင်ဆောင်ရွက်ထားရှိစေရေး၊ အဘိဓမ္မာအခါတော်နေ့ကျင်းပရေး၊ ဆီမီးနှင့် ရောင်စုံမီးထွန်းညှိပေးထားစေရေး၊ မြန်မာ့ဇာတ်သဘင်များ၊ ဘောလုံးပြိုင်ပွဲများ၊ ပျော်ပွဲ၊ ရွှင်ပွဲများ အစုံအလင် ထည့်သွင်းကျင်းပနိုင်ရေးအတွက် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး ညိုလှ၊ ကျိုက္ခမီ ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်အောင်သိန်း၊ ဘဏ္ဍာထိန်းအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်တို့ ဦးဆောင်ကြီးကြပ်သော ပွဲတော် ကျင်းပရေးကော်မတီများကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်၍ လုပ်ငန်းများ စတင်စီမံဆောင်ရွက်နေပြီဖြစ်သည်။

နေ့/ညသွားလာနိုင်

ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားနှင့် စက်စဲကမ်းခြေတို့သို့ ရောက်ရှိလာမည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ တည်းခိုနိုင်ရေး၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့ရေးများ၊ မှတ်တမ်းတင်ဓာတ်ပုံဆိုင်များ၊ အရောင်းဆိုင်များ နေရာချထားရေးနှင့် ဘုရားဖူးများ နေ့/ည သွားလာနိုင်ရေးတို့ကိုလည်း ပွဲတော်ကျင်းပရေးကော်မတီမှ ညှိနှိုင်းစီမံ ဆောင်ရွက်ထားပြီဖြစ်သည်။ (၂၅၇)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အထူးကုဆေးရုံကြီး(ဝေဘာဂီ)သို့ ဆေးပဒေသာပင်နှင့် ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပမြို့နယ် အထူးကုဆေးရုံကြီး(ဝေဘာဂီ)သို့ ဆေးပဒေသာပင်နှင့် ဆေးပစ္စည်းများ လှူဒါန်းသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အထူးကုဆေးရုံကြီး (ဝေဘာဂီ)အတွက် ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးကိုယ်စား သမားတော်ကြီး ဒေါက်တာထင်အောင်စောက လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် အဖွဲ့ မြောက်ဥက္ကလာပမြို့နယ် အထူးကုဆေးရုံကြီး (ဝေဘာဂီ)သို့ ဆေးပဒေသာပင်ငွေကျပ် ငါးသိန်းနှင့် ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီး ကိုယ်စား သမားတော်ကြီးဒေါက်တာ ထင်အောင်စောထံ ပေးအပ်လှူဒါန်းစဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ကြီးမှူး ကျင်းပမည့် ၂၀၀၆ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲကို နိုဝင်ဘာလ ဒုတိယပတ်တွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့ရိုးရာ လှေပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲနှင့် နဂါးလှေလှော်ပြိုင်ပွဲ ဟူ၍ ပြိုင်ပွဲအမျိုးအစား သုံးမျိုး ပါဝင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာ လှေပြိုင်ပွဲဝင်မည့် အသင်းများကို လက်ရည်စစ်ပွဲ ပြုလုပ်မည်ဖြစ်၍ လက်ရည်စစ်ပွဲ အောင်မြင်သည့် အသင်းများကို ခရီးစရိတ် ထောက်ပံ့မည်ဖြစ်ပြီး ပြိုင်ပွဲမှ ထူးချွန်သူများကို ပဏာမ လက်ရွေးစင်အဖြစ် ရွေးချယ်မည်ဖြစ်သည်။ သတ်မှတ်အသက် ကန့်သတ်ချက်မီသူများအနေဖြင့် မည်သည့်နေရာဒေသမဆို စုစည်း၍ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ အမျိုးသား အလွတ်တန်းပြိုင်ပွဲ တစ်ယောက် လှော်ပြိုင်ပွဲ (Single Scull) နှင့် လေးတက်လှော်ပြိုင်ပွဲ (Coxless Fours)ပြိုင်ပွဲ၊ အမျိုးသား အသက်(၂၅)နှစ်အောက် နှစ်ယောက်လှော်ပြိုင်ပွဲ (Double Scull)ပြိုင်ပွဲ၊ နှစ်တက်လှော် (Coxless Pairs) ပြိုင်ပွဲနှင့် လေးတက်လှော် (Tub Fours) လူသစ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

နဂါး လှေလှော်ပြိုင်ပွဲများ၌ အမျိုးသား ပြိုင်ပွဲများတွင် မီတာ ၅၀၀ ၁၀တက်၊ မီတာ ၅၀၀ တက် ၂၀နှင့် အမျိုးသမီး မီတာ ၅၀၀ ၁၀တက်၊ အမျိုးသား အမျိုးသမီး မီတာ ၅၀၀ ၁၀တက်၊ မီတာ ၅၀၀ တက် ၂၀ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလှေပြိုင်ပွဲ အသက်(၂၅) နှစ်အောက် အမျိုးသားပြိုင်ပွဲများ၌ ငါးတက် မီတာ ၅၀၀ ပြိုင်ပွဲတွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်တစ်သိန်း ငါးသောင်း၊ သုံးတက် မီတာ ၅၀၀ ပြိုင်ပွဲတွင် ပထမဆုကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်း၊ အမျိုးသမီး အသက်(၂၃)နှစ်အောက် ငါးတက် မီတာ ၅၀၀ပြိုင်ပွဲတွင် ပထမဆုကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် တတိယဆု ကျပ်တစ်သိန်း ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲနှင့် နဂါးလှေလှော်ပြိုင်ပွဲများတွင် ထိုက်တန်သည့်ဆုကြေးများ ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများသည် အောက်တိုဘာ ၅ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ထံ စာရင်းပေးသွင်း ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ကာကွယ်ရေးက ဆက်သွယ်ရေးကို အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ကာကွယ်ရေးအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးအသင်း နှစ်ဂိုး
(အောင်သူရဝင်းနှင့်ရဲဝေယံစိုး)
ဆက်သွယ်ရေး/စာတိုက်အသင်း တစ်ဂိုး
(သီဟဇော်)
ဒိုင်လူကြီး ဦးဝင်းချို

ယနေ့ပွဲ
ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
လယ်/ဆည်နှင့် စီးပွား/ကူးသန်း

(ကြေးမုံ)

အကယှဉ်ပြိုင်

သံဖြူဇရပ်မြို့နယ် အခြေခံပညာအဆင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၈ရက်က အထက (၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ အသက် (၁၀-၁၅)နှစ် အကပြိုင်ပွဲတွင် မနှင်းနုနုနိုင် (ကျိုက္ခမီ၊ အထက) ယှဉ်ပြိုင်စဉ်။ (မြို့နယ်ပညာရေး)

စက်တင်ဘာ ၁၉ ရက်က ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အပါး ၂၇၀၀ တို့အား ရွှေမုဋ္ဌော ဘုရားအရှေ့ဘက်မုခ် မြို့မဆွမ်းလောင်းအသင်းကြီး၌ ဗိုလ်မှူးထွန်းရှင်၊ ဇနီး ဒေါ်ခင်စန်းမြင့် မိသားစုက အရုဏ်ဆွမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

ဝက်စ်ဟမ်းအသင်း ရလဒ်မကောင်းသေးကြောင်း ရီယိုကွတ်ကာ ဝန်ခံပြောကြား

လန်ဒန် စက်တင်ဘာ ၁၉

မိမိတို့၏ဝက်စ်ဟမ်း ယူနိုက်တက်အသင်းသို့ အာဂျင်တီးနားလူမျိုး ထိပ်တန်းဘောလုံးသမားနှစ်ဦး ရောက်ရှိလာခဲ့ချိန်မှစ၍ မီဒီယာများက မိမိတို့၏အသင်းကို အထူးအာရုံစိုက်လာကြကြောင်း၊ သို့ရာတွင် မိမိတို့အသင်းမှာ ထူးထူးခြားခြားအောင်မြင်မှုများ မရရှိသေးကြောင်းဖြင့် ယင်းအသင်း၏ နောက်တန်းလူ နိုင်ဂျယ်ရီယိုကွတ်ကာက စက်တင်ဘာ ၁၉ ရက်တွင် ဝန်ခံပြောကြားလိုက်သည်။

အံ့အားသင့်မှုများဖြစ်

အာဂျင်တီးနား ဘောလုံးသမားနှစ်ဦးဖြစ်သူ တီးဗက်ဇ်နှင့် မာရှေးရာနိုတို့သည် ဘောလုံးသမားအရွှေ့အပြောင်းရာသီ ကုန်ဆုံးလုနီးတွင် ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာကြသူများဖြစ်သည်။ အာဂျင်တီးနား ဘောလုံးသမားနှစ်ဦးကို ဝက်စ်ဟမ်းသို့ခေါ်ယူသည့် သဘောတူညီချက်ရရှိလိုက်ခြင်းနှင့် ပတ်သက်၍ ဥရောပတစ်ဝန်းတွင် အံ့အားသင့်မှုများဖြစ်ကြရသည်။

အာဂျင်တီးနား ဘောလုံးသမားနှစ်ဦး ဝက်စ်ဟမ်းသို့ ရောက်ရှိလာချိန်မှစ၍ ယင်းအသင်းသည် သုံးပွဲကစားရာ၌ တစ်ပွဲတည်းသာ သရေကျအောင် ကစားနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်း၏ ရှုံးပွဲများအနက် ပွဲတစ်ပွဲမှာ ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ပထမအကျော့တွင် အိမ်ကွင်း၌ ပါလာမိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။



စက်တင်ဘာ ၅ ရက်က ကိုရင်သီယန် အသင်းမှ ဝက်စ်ဟမ်း ယူနိုက်တက်အသင်းသို့ ရောက်ရှိလာကြသော တီးဗက်ဇ်နှင့် မာရှေးရာနိုတို့အား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နယူးကာဆယ်ဂိုးသမား ရှေးဂစ်ဗင် ဝမ်းဗိုက်၌ ဒဏ်ရာရပြီး ခွဲစိတ်ကုသခံရ

လန်ဒန် စက်တင်ဘာ ၁၉

အိုင်ယာလန်လူမျိုး ဂိုးသမား ရှေးဂစ်ဗင်ရရှိခဲ့သော ထိခိုက်ဒဏ်ရာသည် မော်တော်ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူနှင့် အလားသဏ္ဌာန်တူညီနေကြောင်း ခွဲစိတ်ကုသမားတော်ကြီးများက နယူးကာဆယ်အသင်း၏ နည်းပြ ဂလင်းရိုဒါအား စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

အိုင်ယာလန်သမ္မတနိုင်ငံ၏ လက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ရှေးဂစ်ဗင်သည် လန်ဒန်ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှု ခံယူနေရသည်။ ၎င်းသည် တနင်္ဂနွေနေ့က ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် တိုက်စစ်မှူး မာရှန်ဟဲဝုဒ်နှင့် တိုက်မိပြီးနောက် အူသိမ်အူမတွင် တစ်စင်တီမီတာခန့် စုတ်ပြဲသည့် ထိခိုက်ဒဏ်ရာကိုရရှိခဲ့သည်။

ဘောလုံးသမားများ ထိခိုက်ဒဏ်ရာရမှုများကို မိမိတို့တွေ့မြင်ဖူးသော်လည်း ယခုကဲ့သို့သော ထိခိုက်ဒဏ်ရာရမှုမျိုးကို မတွေ့ခဲ့ဖူးကြောင်း၊ မော်တော်ယာဉ် မတော်တဆမှုများတွင် ရရှိတတ်သည့် ဒဏ်ရာမျိုးဖြစ်ကြောင်း ဆရာဝန်များ၏ ပြောကြားချက်ကို ကိုးကားလျက် နည်းပြ ဂလင်းရိုဒါက ပြောကြားသည်။

အင်တာနက်။

ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ခွဲစိတ်ကုသမှုခံယူလျက်ရှိသူ နယူးကာဆယ်ဂိုးသမား ရှေးဂစ်ဗင်။ *(ဓာတ်ပုံ–အင်တာနက်)*

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲကျင်းပရန် စီစဉ် အလွှတ်တန်း ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁၉

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲကို ၂၀၀၆ ခုနှစ် နိုဝင်ဘာတွင် ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွှတ်တန်း ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ် ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးတည်ရန်၊ ယာဉ် စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဦးတည်ရန် တို့ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှ ကင်းစေမယ် (Road Safety is No Accident)၊ အသိနဲ့ပြင် သတိနဲ့ယှဉ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းကြောင်းမှန်စွာ မောင်းနှင်ပေး၊ အမှားတစ်ချက် အသက်ပေါင်းများစွာ ခေါင်းစဉ်များဖြင့် ကြိုက်နှစ်သက်ရာ ရေးသားနိုင်သည်။

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား၊ ကျောင်းသူများဖြင့်သာ ယှဉ်ပြိုင်စေပြီး ခေါင်းစဉ်အဖြစ် "ပြိုင်ပွဲဝင်ရန် သတ်မှတ်ခေါင်းစဉ်" သတ်မှတ်ထားသည်။ အခြေခံပညာဦးစီးဌာနအနေဖြင့်သာ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူ သုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူငါးဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေး ဆပ်ကော်မတီသို့ အောက်တိုဘာလ တတိယပတ်အတွင်း ပေးပို့ရန်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၅၀၀၀ မှ ၁၀၀၀၀ အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါး တစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက် ပုံများကို (၁၅ x၂၀)လက်မ အရွယ်အစား နှစ်သက်ရာ စက္ကူ၊ ဆေး၊ ရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ သရုပ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။

ဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့် ကွန်ပျူတာဖြင့် ရေးဆွဲ၍ ပိုစတာပန်းချီများကို Floppy Disk သို့မဟုတ် Compact Disk (CD-ROM)တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲအတွက် ပုံများကို အစက်အပြောက် ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများမပြုလုပ်ရ၊ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာ ပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File info တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။

ထိုသို့ အသုံးပြုရာတွင် သက်ဆိုင်ရာ ဓာတ်ပုံပညာရှင်၏အမည်ကို ဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့် ကြေညာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်း ဆုရဓာတ်ပုံများ၏ နဂိုတစ် (သို့) Sluik (သို့) ဒစ်ဂျစ်တယ်ကင်မရာဖြင့်ရိုက်ကူးထားသောပုံဖြစ်ပါက Resolution 300 dpi နှင့် ခြောက်လက်မ ကိုးလက်မအရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်းပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသော ပုံများကို ဆုရစာရင်းမှ ပယ်ဖျက်၍ ယင်းနေရာတွင် အောက်မှပုံများကို အစဉ်အတိုင်း အစားထိုးမည်ဖြစ်သည်။ အဆိုပါ ဆုရပုံများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ မူပိုင်အဖြစ် လိုအပ်သလို အသုံးပြုမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်း မပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၄ လက်မ (ဆေးရောင်စုံဓာတ်ပုံ) ဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။ ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ (နောက်ဆုံး)ပတ်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျောင်းများတွင် ထုတ်ပေးထားသော "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"ရုပ်ပြစာအုပ်မှ မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့်ပြိုင်ပွဲကို စက်တင်ဘာနောက်ဆုံးပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်စာရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့်ပိုစတာများကို ရန်ကုန်တိုင်းကြီးမှဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီးအောင်နိုင် ၅၁လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း–၂၉၈၆၅၁သို့ လည်းကောင်း၊ ပြိုင်ပွဲဝင်ဒစ်ဂျစ်တယ် ပိုစတာပုံများကို ဦးစိုးမြင့် ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း–၆၆၄၂၅၄၊ ၆၁၀၆၂၂ လိုင်းခွဲ ၂၀၆ သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉) (၃၅)လမ်းအောက် ပထမထပ် ကျောက်တံတားမြို့နယ် ဖုန်း–၃၇၃၁၆၇ သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲဝင်ပုံများနှင့်စာမူများအားလုံးကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တီဘီရောဂါ သတိပြုကာကွယ်ပါ

- ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင် –
- သလိပ်တွင် သွေးပါလျှင် –
- တငွေ့ငွေ့အဖျားတာရှည်လျှင် –
- တဖြည်းဖြည်း ပိန်ချုံးလာလျှင် –

နီးစပ်ရာကျန်းမာရေးဌာနများတွင် တီဘီရောဂါရှိ–မရှိစစ်ဆေးပါ

တီဘီလူနာများကို အစွမ်းထက်သောတီဘီဆေးများဖြင့် ပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဖုန်း–၀၁–၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ
အဘိဓမ္မာအခါတော်နေ့နှင့် ဝါကျွတ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ၁၃၆၈ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ အောက်တိုဘာ ၆ရက် (သောကြာနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်) ရာမည အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ခ) အုပ်စု နတခဇုန်(ပုသိမ်) ဧရာဝတီတိုင်း အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ) အုပ်စု နမခဇုန်(မုံရွာ) နမခ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊(ဃ)အုပ်စု လပခဇုန်(မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ) တပခ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင်အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး - တစ်ဂိုး ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်သုတ်စေတီတော် ဘက်စုံပြုပြင်တည်ဆောက်မှု ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အပြင် ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၆၃၇၅ နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၁၉

ဦးမြင့်ဦးသည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်တင့်၊ ဦးဝင်းထွဋ်နှင့် ဗိုလ်ကြီးမင်းဇော် (အငြိမ်းစား)တို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ယနေ့မွန်းလွဲပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၄ ကိုက်အကွာမှ Srixon - 2 ဘောလုံးကို Callaway Iron No. 6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

နှစ်ဖက်သော မိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးခင်ညို၊ ဒေါ်ခိုင်မေဦး(သမီး) မသက်စုမွန်ဦး (သား) မောင်ဇင်ပိုင်(ဥက္ကလာဆေးတိုက်)မိသားစုက ဥက္ကလာပစေတီတော်ကြီး၏ ပန်းတင်ခုံသံပန်းကာရန် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ဩဝါဒါစရိယ(ပျော်ဘွယ်) ဆရာတော် ဦးနရိန္ဒထံမှ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဂေါပကအဖွဲ့ဝင် ဦးထွန်းရီထံ ဩဂုတ် ၂၇ ရက်က ပေးအပ်လှူဒါန်းစဉ်။ (၆၄)

ဆွမ်းစားကျောင်းတော်အတွက် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ရွာသစ်(၃)လမ်းရှိ သီဟဒီပ ဘုန်းတော်ကြီး ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် ကျောင်းတိုက်ပဓာနနာယက ဘဒ္ဒန္တ ဉာဏဝံသထံ မိခင်ကြီးဒေါ်ပဲ (၆)နှစ်ပြည့် ရည်စူး၍ အင်းစိန် ဈေးကုန်းအရှေ့ရပ်ကွက် မာလာလမ်းနေ ဒေါ်သန်းနှစ်၊ သားကိုဌေးဦး၊ သမီး မရင်အေး မိသားစုက ငွေကျပ် ၅၄၀၀၀၀ **(အပေါ်ပုံ)** ဒုတိယ ဗိုလ်မှူးကြီးသန်းထိုက်-ဒေါ်ကြည်အေး ရန်ကုန်၊ မိခင် ဒေါ်အုန်းကြည်နှင့် ဗိုလ်မှူးကြီးဇာနည်ရှိန်၊ သမီး ဒေါ်ကေခိုင်လွင် (ကလောမြို့)တို့က ငွေကျပ် တစ်သိန်းစီ၊ ဗိုလ်မှူးကိုကိုအောင် - ဒေါက်တာသီသီစိုး ရွှေပြည်သာမြို့က ငွေကျပ်ခြောက်သောင်း အပါအဝင် အလှူရှင် ၃၂ ဦးက အလှူငွေကျပ် ၁၁၉၀၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်အတွက် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ ဖုန်း-၀၁-၆၄၄၃၁၅ နှင့် ဒေါ်သန်းနှစ် ဖုန်း-၆၄၀၁၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၁)

ကန်ကြီးထောင့် ရဲစခန်းမှူး ရဲအုပ် ကြီးတင် သိမ်းဆည်းရမိသော ရွှေထည် လက်ဝတ်ရတနာမျိုးစုံကို ပိုင်ရှင် မသူသူအေး (သေဆုံး) ၏ ကိုယ်စား ခင်ပွန်းဦးအောင်နိုင်ဦးထံ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

အမှုမှ ပြန်လည်သိမ်းဆည်းရမိသော ပစ္စည်းများ ပိုင်ရှင်များထံ ပြန်လည် ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၉

ပုသိမ်ခရိုင်ရဲတပ်ဖွဲ့က အမှုမှပြန်လည် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲကို စက်တင်ဘာ ၉ရက်တွင် ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်၊ ပုသိမ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးလှတင့်နှင့်ကထိကများ၊ တာဝန်ရှိသူများနှင့် ပစ္စည်းပိုင်ရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး ပုသိမ်ခရိုင်ရဲတပ်ဖွဲ့က ဖော်ထုတ်သိမ်းဆည်းရမိသည့် စက်ဘီးမျိုးစုံ ၂၁စီး၊ ဆိုင်ကယ်သုံးစီး၊ ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဘက်ထရီအိုး ၁၁လုံး စုစုပေါင်းငွေကျပ် သိန်း ၈၀ဖိုးခန့်ကို စခန်းမှူး ရဲအုပ်ရဲမြင့်က လည်းကောင်း၊ ဒါးက ရဲစခန်းက ပြစ်မှုဥပဒေပုဒ်မ (၃၀၂/၃၉၂)မှ စုံစမ်းဖော်ထုတ် သိမ်းဆည်းရမိသော ရွှေထည်လက်ဝတ်ရတနာမျိုးစုံ သုံးကျပ်သားခန့်ကို ကန်ကြီးထောင့်ရဲစခန်းမှူး ရဲအုပ် ကြီးတင်က လည်းကောင်း ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က ပစ္စည်းပိုင်ရှင်များ ကိုယ်စား ကျေးဇူးတင်စကားပြောကြားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဆီမီးပူဇော်ပွဲ နှင့် ဆွမ်းဆက်ကပ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ ဗိုလ်ဘဌေးလမ်း၊ အမှတ်(၃၂၈)၊ သူရဿတီမယ်တော်ကျောင်းတော်တွင် စံပါယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်နှင့် သျှရီသျှရီ စန္ဒီမယ်တော် ရုပ်ပွားတော်အား ဆီမီးပူဇော်ပွဲကို စက်တင်ဘာ၂၈ရက်မှ အောက်တိုဘာ ၂ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပွဲတော်ကျင်းပသည့်ရက်များတွင် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားပွဲတော်သို့ လာရောက်ဖူးမြော်ကြည်ညိုကြမည့် ဧည့်ပရိသတ်များကို သက်သတ်လွတ်ထမင်း ကျွေးမွေးဧည့်ခံမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၂၃၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက်ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် ကြိုတင်တင်ပြရန် လိုအပ်မည့်အချက်များအား လျှောက်ထားသူ ကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများ

၁။ ကာယကံရှင်ကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
၂။ လျှောက်ထားသူအမည်စာရင်းပါအိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူ(၁)စောင်စီ။
၃။ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရန် လျှောက်လွှာနှင့် ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက် မူရင်းပါရမည်။
၄။ မိဘနှစ်ပါး၏ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ် မူရင်းနှင့် မိတ္တူ(၁)စောင်။
၅။ မွေးစာရင်း(သို့မဟုတ်)ကျောင်းထောက်ခံချက်မူရင်းနှင့် မိတ္တူပါရမည်။
၆။ သွေးစစ်ချက်။
၇။ တစ်လက်မ X တစ်လက်မအရွယ် ဓာတ်ပုံ(၄)ပုံ (မျက်မှန်မပါ)

မှတ်ချက်။ နိုင်ငံသားအရည်အချင်းပြည့်မီသူမှန်လျှင် လျှောက်ထားသည့်ရက်မှ ၂၈ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိပါက ညွှန်ချုပ်လဝက နေပြည်တော်သို့ စာဖြင့်ရေးသား တိုင်ကြားနိုင်ပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ(ပျောက်ဆုံး/ပျက်စီး)မိတ္တူ လျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများ

၁။ ကာယကံရှင်၏ ဝန်ခံချက်နှင့် ကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
၂။ ရှေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီးဇယားပါရှိရမည်)။
၃။ ပျောက်ပျက်ထုတ်ပေးရန်လျှောက်လွှာ (ရပ်ကွက်အတွင်း နေထိုင်ကြောင်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမှန်တကယ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်ပါရှိသော) ပုံစံထွေ(၄) ပါရှိရမည်။
၄။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူ(၁)စောင်စီ။
၅။ တစ်လက်မXတစ်လက်မအရွယ် ဓာတ်ပုံ(၄)ပုံ (မျက်မှန်မပါ)။
၆။ မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ/နံပါတ်။
၇။ ပျက်စီးပါက ပျက်စီးသည့်ကတ်ပြားမူရင်းနံပါတ် ပါရှိရမည်။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၇း၀၅	Myanmar Video Rhythm	၁၀း၃၀	ဝေဠုဝန်ခေါ်ရုပ်ပွားတော် ထင်ပေါ်ကျော်ကြား စစ်ကိုင်းငါးထပ်ကြီးဘုရား
၇း၅၅	တေးဂီတအစီအစဉ်	၁၀း၄၀	တေးဂီတအစီအစဉ်
၈း၀၀	သာသနာ့အနွယ်ဝင်သီလရှင်	၁၀း၄၅	အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်) Trade Mark
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း	၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်	၁၁း၀၀	Fashion Fever (လေးထပ်ကွမ်းအကယ်ဒမီ ချီးမြှင့်ပွဲနှင့် တွေ့ဆုံခြင်း)
၈း၃၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ	၁၁း၂၅	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာအနုပညာရေးရာ	၁၁း၃၀	ဖုန်ခါတံပြုလုပ်ပုံအဆင်ဆင့်
၉း၁၀	တေးဂီတအစီအစဉ်	၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	မေးကြည့်ဖြေကြည့်ပဟေဠိ (ရီဝေယံ၊ စုချစ်ဇော်)	၁၁း၄၅	စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း	၁၂း၀၀	MRTV-4 အပိတ် Logo
၉း၄၀	တေးဂီတအစီအစဉ်		
၉း၄၅	မြန်မာ့လက်မှုယွန်းအနုပညာ		
၁၀း၀၅	တေးဂီတအစီအစဉ်		
၁၀း၁၀	Midweek Sports News		

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

အချိန်	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁း၂၅	Liverpool-Newcastle	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

အချိန်	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁း၀၀	ACMilan-Ascoli	5-Series(Live)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဦးဦးသာထွန်း (မြန်မာ့လေကြောင်း-ငြိမ်း)အား ရည်စူး၍ ရန်ကုန်မြို့၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်း ငြိမ်းချမ်းရေးလမ်းနေ ဒေါ်စံသိန်းက အလှူတော်ငွေ ကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိနယရေ(ဝံသမေဒနီစာသင်တိုက်)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည် အိမ်ရာနေ ဦးကျော်ဦး၊ ဒေါ်သန်းသန်းစီ သားသမီးမြေး မိသားစုက အလှူတော်ငွေ အမေရိကန် ဒေါ်လာ ၁၀၀ ကို လှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (ကြေးမုံ)

သတိပေးကြေညာခြင်း

အမှတ်(၅၉၉) [illegible] ရန်ကုန်မြို့တွင် [illegible] MMRD Publication သည် [illegible]

၁။ ရန်ကုန် [illegible]

၂။ မန္တလေး [illegible]

၃။ ရန်ကုန် + မန္တလေး [illegible]

၄။ မြန်မာ့ [illegible]

၅။ [illegible]

၆။ မြန်မာ့ [illegible]

၇။ မြန်မာ့ [illegible]

[illegible]

[illegible] "ဘာပါကိုကို" [illegible]

[illegible]

[illegible]

ဦး[illegible] (LL.B)

[illegible]

(၁၈)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ဝါတွင်း သုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာအပါး၁၀၀၀နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀တို့အား ဆွမ်းလောင်းခဲ့ရာ (သီတင်းကျွတ်လပြည့်နေ့)တွင် ဆွမ်းသိမ်းအောင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ငွေပဒေသာပင်များနှင့် ဆွမ်းဆန်တော်များလည်း လှူဒါန်းကြမည်ဖြစ်သည်။

လှူဒါန်းနိုင်

ငွေပဒေသာပင်များနှင့် ဆွမ်းဆန်တော်များ လှူဒါန်းလိုပါက အသင်းတည်ရှိရာ ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာရှေ့ရှိ အလှူမင်္ဂလာမဏ္ဍပ်သို့ အောက်တိုဘာ ၅ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၂၀ရက်က အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်နေသော ဝိပဿနာစေတီတော်ကြီးအတွက် စတုတ္ထအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲတွင် ဦးအောင်ကြီး-ဒေါ်တင်တင် မိသားစု ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းမှ ငွေကျပ် ၆၆၁၆၀၀ ကျပ်နှင့် အလေးချိန် ၄၉ ကျပ်သားရှိ ငွေဆင်းတုဘုရားတစ်ဆူကို တရားပြဆရာ ဓမ္မဇောတိ ဝိပဿနာရိပ်သာမှ ဦးထင်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

မောင်မြတ်ဖြိုးထွန်း [၁၂/ကမရ(နိုင်)၀၅၀၃၆၃]နှင့် မစန္ဒီမြလှ [၁၂/ဒဂန(နိုင်)၀၂၇၆၇၈]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် စေ့စပ်ကြောင်းလမ်းထားခြင်းအား နှစ်ဦးသဘောတူ ဖျက်သိမ်းပါကြောင်း။

မောင်မြတ်ဖြိုးထွန်း
မစန္ဒီမြလှ

သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် မသက်ဆိုင်ကြောင်း

မောင်စည်သူ (ခ) သီပန်သည် အမေနှင့် အဘိုးကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

အမေ-ဒေါ်ခင်အေးမူ
အဘိုး-ဦးဆာဟိ
အမှတ်(၂၄၆)၊ အနော်ရထာလမ်း (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ရုံး၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်က လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝါကာဗ္ဗဇ္ဇာဘွဲ့ရများအသင်း ဟောပြောပို့ချမည်

ရန်ကုန် စက်တင်ဘာ ၁၉

ဝါကာဗ္ဗဇ္ဇာဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) CGA မှ ကြီးမှူး၍ စက်တင်ဘာ ၃၀ ရက်(စနေနေ့)တွင် ဒေါက်တာခင်မောင်ကြွယ် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)က "Establishing Organizations Value through Innovative Management" ခေါင်းစဉ်ဖြင့် Work Shop ကို အသင်းခန်းမ၌ ပို့ချဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ တက်ရောက်နိုင်သည်။

စာရင်းပေးသွင်းနိုင်

လူဦးရေ ကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများ အသင်းရုံး ဖုန်း-၂၉၁၆၆၇ အမှတ်(၃၇/၄၁)၊ လမ်း(၅၀)အောက်၊ ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) ပုဇွန်တောင် လိမ္မော်၊ ဝါ၊ စိမ်း၊ နီ၊ ပြာ ကျောင်းကောင်စီဒိုင်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကိုစက်တင်ဘာ၁၃ ရက်က ကျောင်းရှေ့တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ရီရီမေ အဖွင့်အမှာစကားပြောကြားစဉ်။ (ပညာရေး)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သာဝတ္ထိမြို့ ရေနီမြို့နှင့် သဲဖြူ ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော်   စက်တင်ဘာ   ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးသော်တို့လိုက်ပါလျက် သာဝတ္ထိမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိ၍ လျှပ်စစ်ဓာတ်အားခ ငွေလက်ခံဌာနကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေနှင့် ဓာတ်အားခ ကောက်ခံရရှိမှုအခြေအနေများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဓာတ်အားခွဲရုံတည်ဆောက်သွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေနီမြို့လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြ၍ ဓာတ်အားခတောင်းခံငွေလက်ခံဌာနကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်လျှပ်စစ်မှူးဦးသန်းနိုင်က မြို့နယ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ဓာတ်အားခတောင်းခံရရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့နယ်အတွင်း ကောင်းကင်ဓာတ်အားလိုင်းကြိုးများ လဲလှယ်ပေးသွားမည့်လုပ်ငန်းစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ➪

တရုတ်–အာဆီယံ ချစ်ကြည်ရင်းနှီးသော ဆွေးနွေးဘက်ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်နေ့နှင့် တရုတ်–အာဆီယံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှစ် အထိမ်းအမှတ် တရုတ်–မြန်မာယဉ်ကျေးမှု ရက်သတ္တပတ်အစီအစဉ်နှင့် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အနုပညာအဖွဲ့မှ အနုပညာရှင်များ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေကြစဉ်။

(သတင်းစဉ်)

တရုတ်–အာဆီယံ ချစ်ကြည်ရင်းနှီးသော ဆွေးနွေးဘက်ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက်အထိမ်းအမှတ် ကပြဖျော်ဖြေ

ရန်ကုန်   စက်တင်ဘာ   ၁၉

တရုတ်–အာဆီယံ ချစ်ကြည်ရင်းနှီးသော ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက်အထိမ်းအမှတ် နှစ်ပတ်လည်နေ့နှင့် တရုတ်–အာဆီယံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှစ် အထိမ်းအမှတ် တရုတ်–မြန်မာယဉ်ကျေးမှု ရက်သတ္တပတ်အစီအစဉ်နှင့် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အဖွဲ့ဝင် ၁၇ဦးပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုအနုပညာအဖွဲ့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖြေဖျော်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍

ဘရာဇီးဘောလုံးသမား ရိုမာရီယို အမိနိုင်ငံသို့ ပြန်မည်ဆို

မီယာမီ   စက်တင်ဘာ   ၁၉

ဘရာဇီးလူမျိုး ထိပ်တန်းဘောလုံးသမားတစ်ဦးဖြစ်သူ ရိုမာရီယို(အပေါ်ပုံ)**သည်အမေရိကန်နိုင်ငံ မီယာမီ ကလပ် အသင်းတွင် တစ်နှစ်ကစားရန် ကန်ထရိုက်စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ ဘရာဇီးနိုင်ငံသို့ ပြန်သွားမည်ဟု** စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

အ င် တ ာ န က် ဗီ ဝ သိ ပ္ပံ သ တ င်း

အင်ဒိုနီးရှားပင်လယ်ပြင်တွင် သက်ရှိမျိုးစိတ်သစ်များရှာဖွေတွေ့ရှိ

ပေကျင်း   စက်တင်ဘာ   ၁၉

ပစိဖိတ်သမုဒ္ဒရာအနောက်ဘက် အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ပြင်အတွင်း သိပ္ပံ ပညာရှင်တစ်စုက **စူးစမ်းလေ့လာရာ ပင်လယ်သက်ရှိမျိုးစိတ်သစ် ၅၀ကျော်နှင့် ငါးမန်းမျိုးစိတ်သစ်နှစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းများကဖော်ပြသည်။**

ထိုဒေသတွင်ပင်လယ်ရေနေ သက်ရှိများကြွယ်ဝစွာ တည်ရှိသည်ဟုဆိုသည်။ ပင်လယ်သက်ရှိမျိုးစိတ်သစ်များ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

အင်ဒိုနီးရှားနိုင်ငံ ရေပြင်၌ ကျက်စားသော ရေယက်ဖြင့်လမ်းလျှောက်သည့်ငါးမန်းမျိုးစိတ်သစ် တစ်မျိုးကို နယူးဂီနီကျွန်းဒေသ၌ တွေ့ရစဉ်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉–၉–၂၀၀၆)

နေပြည်တော်	– ၀ ဒသမ ၂၃ လက်မ
ကျောက်ဖြူ	– ၆ ဒသမ ၉၇ လက်မ
စစ်တွေ	– ၆ ဒသမ ၃၅ လက်မ
သံတွဲ	– ၅ ဒသမ ၇၉ လက်မ
ကိုကိုးကျွန်း	– ၃ ဒသမ ၉၈ လက်မ
ဝ	– ၃ ဒသမ ၉၀ လက်မ
ဗန်းမော်နှင့်မှော်ဘီ	– ၃ ဒသမ ၁၁ လက်မ
မြစ်ကြီးနား	– ၂ ဒသမ ၁၇ လက်မ
သာယာဝတီ	– ၂ ဒသမ ၀၁ လက်မ
ဟင်္သာတ	– ၂ ဒသမ ၀၀ လက်မ
ကလေး	– ၁ ဒသမ ၉၇ လက်မ
အောင်လံ	– ၀ ဒသမ ၆၃ လက်မ
မုံရွာ	– ၀ ဒသမ ၄၃ လက်မ
မကွေး	– ၀ ဒသမ ၃၉ လက်မ

ယနေ့ မိုးလေဝသ (၂၀–၉–၂၀၀၆)

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။